ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့ (2-10-2011) (၆၉၀၀)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ် ရှင်နာဝပ် မကြာမီကာလအတွင်း တရားဝင် ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော် အောက်တိုဘာ ၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ် ရှင်နာဝပ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း တရားဝင် ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။** (သတင်းစဉ်)

# တောင်သူများ ဝင်ငွေအကျိုးအမြတ် တွက်ခြေကိုက်ရေး မျိုးကောင်းမျိုးသန့် အသုံးပြုစိုက်ပျိုး

# ခေတ်မီစက်ကိရိယာများကို တောင်သူများအသုံးပြုနိုင်ကြစေရန် ထိရောက်စွာအကောင်အထည်ဖော် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်



နေပြည်တော် အောက်တိုဘာ ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ခေတ်မီစံပြ စက်မှုလယ်ယာ ဧက ၅၀၀ စိုက်ကွင်းရှင်းလင်းဆောင်၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။**

အဆိုပါဆွေးနွေးပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



## ရိတ်သိမ်းခြွေလှေ့နေမှု ကြည့်ရှုအားပေး

**နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ပုဗ္ဗသီရိမြို့နယ် ခေတ်မီစံပြ စက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်း၌ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကြီးနှစ်စီးဖြင့် အထူးအထွက်တိုး မိုးစပါး ဧက ကွက်အား ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

## နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

**မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။**

ကြေးမုံ The Mirror

၂-၁၀-၂၀၁၁
(တနင်္ဂနွေနေ့)

# ပြည်သူ့အစိုးရ ပြည်သူ့ဆန္ဒနှင့်အညီ

မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိသည်။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေး၊ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေး ကြိုးပမ်းလျက်ရှိသည်။

တိုင်းရင်းသားပြည်သူများ၏ တူညီသော ရည်မှန်းချက်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးဖြစ်သည်။ နိုင်ငံ အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးရေးကို ရှေးရှုလျက်ရှိသည်။ ပြည်ထောင်စုအစိုးရက ပြည်သူတို့၏ ဆန္ဒနှင့်အညီ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေပြင်ပသို့ ရောက်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ထာဝရငြိမ်းချမ်းရေးရရှိရန် ဆက်သွယ်ကမ်းလှမ်း ဖိတ်ခေါ်နေပြီဖြစ်သည်။

ယခုအခါ အထူးဒေသ(၂) 'ဝ'အဖွဲ့နှင့် အထူးဒေသ(၄)အဖွဲ့တို့သည် ပြည်နယ်အဆင့် သဘောတူညီချက်များ ရရှိခဲ့ပြီ။ ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများပင် စတင်ဆောင်ရွက်လျက်ရှိနေပေပြီ။ အချို့အဖွဲ့များလည်း ပြည်နယ်အစိုးရများထံ ငြိမ်းချမ်းရေးရယူရန် ဆက်သွယ်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ကောင်းသောလက္ခဏာရပ်များ ဖြစ်သည်။

တစ်ချိန်တည်းတွင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသား တိုင်းရင်းသားများကိုလည်း ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသသို့ ပြန်လာလိုပါက ပြန်လာနိုင်ရေး စိစစ်လက်ခံလျက်ရှိသည်။ အချို့ပြန်လာနေကြပြီ။ အကျဉ်းသားများ လွတ်ပေးရေးကိစ္စများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပ်နှင်းထားသည့် အခွင့်အာဏာအတွင်းမှ ဆောင်ရွက်ပေးသွားနိုင်ရေး အလားအလာကောင်းများကို ကြားသိနေရပေပြီ။

မြန်မာနိုင်ငံသည် စက်မှုနိုင်ငံ ထူထောင်နိုင်ရေး ကြိုးပမ်းလျက်ရှိရာ စက်မှုနိုင်ငံ ထူထောင်ရေးတွင် လျှပ်စစ်စွမ်းအင်လိုအပ်ချက်သည် အဓိကကျသည်ကို တွေ့ရသည်။ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပြည့်ဖြိုးမြဲဖြစ်သည့် ရေအားလျှပ်စစ်စီမံကိန်းအများအပြားကို တိုးတက်လုပ်ကိုင်လျက်ရှိရာ ကချင်ပြည်နယ်ရှိ မေခ၊ မလိခ မြစ်ညာမြစ်ဝှမ်းနှင့် ဧရာဝတီမြစ်ဆုံစီမံကိန်း (၈)ခုသည် အပါအဝင်ဖြစ်သည်။ အဆိုပါ မြစ်ဆုံစီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းနိုင်မှု၊ တိုင်းရင်းသားကျေးရွာအချို့ရေနစ်မြုပ်နိုင်မှု၊ ရော်ဘာနှင့် ကျွန်းစိုက်ခင်းများ ပျက်စီးနိုင်မှု၊ ဧရာဝတီမြစ်ကြီး ထိခိုက်ပျက်စီးနိုင်မှု စသည့်စိုးရိမ်ပူပန်မှုများ ပြည်သူအချို့အတွင်း ဖြစ်ပေါ်လျက်ရှိသည်။

ပြည်ထောင်စုအစိုးရသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသောအစိုးရဖြစ်၍ ပြည်သူများ၏ဆန္ဒကို အလေးထားသည်။ ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို အလေးထားဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသည်နှင့်အညီ မြစ်ဆုံဆည်တည်ဆောက်ခြင်းကို ရပ်ဆိုင်းထားလိုက်ပြီဖြစ်သည်။ နိုင်ငံသားတိုင်းက နိုင်ငံတော်အစိုးရနှင့်အတူ စိတ်ဓာတ်ကောင်း၊ စည်းကမ်းကောင်း၊ စွမ်းအားကောင်းများဖြင့် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လက်တွဲညီညီ ပါဝင်သယ်ပိုးကြိုးပမ်းသွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

# ကိုယ်ကျင့်တရား ကောင်းမွန်အောင် ထိန်းသိမ်း၍ ပြည်သူ့ခံစားချက်၊ ပြည်သူ့အသံကို နားလည်စာနာစွာဖြင့် ဥပဒေလုပ်ထုံးနှင့်အညီ ပြည်သူ့အကျိုးကို ကာကွယ်စောင့်ရှောက်သွား

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ဒို့တာဝန်အရေးသုံးပါးနှင့် သစ္စာအဓိဋ္ဌာန်လေးချက်ကို ဦးထိပ်ပန်ဆင်ကာ အမျိုး၊ ဘာသာ၊ သာသနာနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုး ဆောင်ရွက်နေကြသည့် ဥပဒေဘက်တော်သား ပြည်သူ့အကျိုးဆောင် အဖွဲ့အစည်းကြီး ဖြစ်ကြောင်း၊ ထို့အတွက် မိမိတို့ ကျရာတာဝန်များကို ဦးလည်မသုန် ထမ်းရွက်ကြကာ ရဲနှင့်ပြည်သူ တစ်သားတည်းဖြစ်အောင် ဆောင်ရွက်ပြီး ပြည်သူ၏ ပူးပေါင်းပါဝင်မှု၊ ထောက်ခံမှုများ မပြတ်ရရှိအောင် လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သို့မှသာ ရဲလုပ်ငန်းစနစ်များ ဖြစ်ထွန်းတိုးတက်လာမည်ဖြစ်ပြီး ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပီပီပြင်ပြင် သိသိသာသာ အောင်မြင်မှုရရှိလာမည်ဖြစ်ကြောင်း၊ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သို့ ချီတက်နေချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိရာ ကိုယ်ကျင့်တရား ကောင်းမွန်အောင် ထိန်းသိမ်း၍ ပြည်သူ့ခံစားချက်၊ ပြည်သူ့အသံကို နားလည်စာနာစွာဖြင့် ဥပဒေလုပ်ထုံးနှင့်အညီ ပြည်သူ့အကျိုးကို ကာကွယ်စောင့်ရှောက်သွားရန် လိုအပ်ကြောင်းဖြင့် ယနေ့ နံနက် ၈ နာရီ တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၄၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား၌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၌ စံပြရဲဆုရရှိသူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှုခင်းတပ်ဖွဲ့မှ တပ်ကြပ်မေဇင်ဦးအား စံပြရဲဂုဏ်ပြုစလွယ်နှင့် ရဲတပ်ကြပ်ကြီး အဆင့်တံဆိပ် တပ်ဆင်ပေးပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က လုပ်ငန်းတာဝန် ဆောင်ရွက်မှုတွင် ထူးချွန်တပ်ဖွဲ့ဝင်ဖြစ်သော လားရှိုးမြို့ သိန္နီမူးယစ်အဖွဲ့မှ ရဲအရာခံ နိုင်စိုးအား ဒုတိယရဲအုပ်ရာထူးအဆင့်တံဆိပ် တိုးမြှင့်တပ်ဆင်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကျော်ကျော်ထွန်းနှင့် ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းတို့က မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ စေတနာရှင် ပြည်သူများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုအလှူငွေများကို လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကျော်ကျော်ထွန်းက ၂၀၁၁ခုနှစ် ရဲကျင့်ဝတ်စာမေးပွဲ အဆင့်လိုက်တွင် ပထမရရှိခဲ့သူ ခြောက်ဦးနှင့် လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင် ခြောက်ဦးတို့အား ဆုချီးမြှင့်ခြင်းနှင့် တစ်ဆင့်မြင့်ရာထူး အဆင့်တိုးမြှင့်တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်သည်။ ဆက်လက်၍ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကျန်ရဲကျင့်ဝတ်ဆုများနှင့် ရဲကျင့်ဝတ်တံခွန်စိုက် ဒိုင်းဆုရရှိသော သတင်းတပ်ဖွဲ့၊ အမျိုးသမီးစွမ်းဆောင်ရှင်ဆု၊ အားကစားထူးချွန်ဆုနှင့် နေအိမ်လိုင်းခန်းသန့်ရှင်းရေးဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကျော်ကျော်ထွန်း၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၌ စံပြရဲဆုရရှိသူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှုခင်းတပ်ဖွဲ့မှ တပ်ကြပ်မေဇင်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရဲမှူးချုပ်ဇော်ဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

# (၂၇၃) ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်

**ရန်ကုန် အောက်တိုဘာ ၁**

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၂၇၃) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း(၁၀၀၀)**

ခ-၅၉၄၅၉၉

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)**

ထ-၇၂၃၃၆၄

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ**

| | |
|---|---|
| ပ-၈၆၁၄၀၆ | တ-၉၉၀၉၄၂ |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၂၀၀) ဆုများ**

| | |
|---|---|
| ဗ-၃၆၆၂၈၄ | ဌ-၁၁၁၆၃၄ |
| ဂ-၉၆၆၂၁၆ | ရှ-၅၄၁၈၅၈ |

**ကျပ်သိန်း(၁၀၀)ယူနစ်(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ**

| | | | |
|---|---|---|---|
| ဗ-၆၈၀၃၆၀ | ည-၄၀၂၉၈၅ | ဏ-၄၄၆၄၁၀ | တ-၇၈၁၄၉၅ |
| ပ-၈၁၅၀၅၃ | ခ-၉၉၁၇၁၉ | ဍ-၇၉၀၄၃၅ | ဇ-၆၈၈၈၁၈ |
| ဆ-၆၇၆၁၄၇ | တ-၃၃၁၅၄၅ | ဏ-၇၈၀၃၈၆ | ဍ-၄၈၆၂၇၈ |
| ဇ-၃၇၆၁၉၂ | တ-၃၇၈၀၅၇ | | |

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၁၈၀၀ | ၀. ၀၃၂၀၇ |
| တရုတ် (ယွမ်) | ၆. ၃၇၉၀၀ | ၀. ၁၅၆၇၆ |
| အိန္ဒိယ (ရူပီး) | ၄၉. ၀၁၀၀ | ၀. ၀၂၀၄၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၉၀၀၀ | ၀. ၃၁၃၄၈ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၀၇၄၀ | ၀. ၇၆၄၈၈ |
| ဂျပန် (ယန်း) | ၇၇. ၁၃၅၀ | ၀. ၀၁၂၉၆ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၈၁. ၀၀ | ၀. ၀၀၀၈၅ |
| ယူရို | ၀. ၇၄၇၂၂ | ၁. ၃၃၈၃၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၁၇၇ | ၁. ၅၅၈၃၀ |

*အင်တာနက်။*

# (၁၅)ကြိမ်မြောက် ဆေးပညာအထူးပြုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁**

(၁၅)ကြိမ်မြောက် ဆေးပညာအထူးပြုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ ဘာသာရပ်များဆိုင်ရာ အဖွဲ့များမှတစ်ဆင့် မှတ်ပုံတင်နိုင်သည်။ (သတင်းစဉ်)

# 5 NET WORK ဖျော်ဖြေရေးအစီအစဉ်များ ရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၁**

Family Entertainment Group ၏ 5 NET WORK ဖျော်ဖြေမှု အစီအစဉ်နှင့် ပျော်ပွဲရွှင်ပွဲအစီစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် ခန်းမ၌ ကျင်းပရာ သတင်းစာ၊ ဂျာနယ် အသီးသီးမှ ဖိတ်ကြားထားသူများ၊ စာပေနှင့် စာနယ်ဇင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အရောင်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒါရိုက်တာ ဦးညွှန့်လွင် **(အောက်ပုံ)** က အမှာစကားပြောကြားပြီး ထုတ်လုပ်မှုမန်နေဂျာ ဦးဝင်းနိုင်က အစီအစဉ်တွင် ပါဝင်မည့် ရုပ်သံလိုင်းများနှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ရှင်းလင်းတင်ပြကာ အကြီးတန်းမန်နေဂျာ ဒေါ်မေမြတ်ကေခိုင်က ပျော်ပွဲရွှင်ပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပါဝင်မည့်အစီစဉ်များကို ရှင်းပြသည်။ ထို့နောက် အစီအစဉ်တွင် ပါဝင်သည့် ဦးကြည်သာ(ပွဲကြိုက်ခင်)က ဖျော်ဖြေရေး အစီအစဉ် တင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယခုမိတ်ဆက်မည့် 5 NET WORK အစီအစဉ်တွင် ရုပ်သံလိုင်း ၁၁ လိုင်းပါဝင်ပြီး သုတ၊ ရသ၊ အားကစား၊ ကဏ္ဍစုံဖြင့် ကျစ်ကျစ်လျစ်လျစ် စုစည်းထားသည့် ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)



# အာရောဂျံတံခွန် ကုသိုလ်ဖြစ်ဆေးခန်းသို့ အလှူငွေများ လှူဒါန်း

**ဝါးခယ်မ အောက်တိုဘာ ၁**

ဝါးခယ်မမြို့သကျမဟာသီရိဘုရားကြီးဝင်းအတွင်း သာသနာ့တံခွန်ကျောင်းတိုက် ဒွိပိဋကဓရ (ပိဋကနှစ်ပုံဆောင်) အရှင်ခေမာစာရ အာရောဂျံတံခွန် ကုသိုလ်ဖြစ်ဆေးခန်းသို့ စက်တင်ဘာ ၂၉ ရက်က ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းရာ ရန်ကုန်မြို့နေ အစ်ကိုကြီး ဦးအံ့ကျော်အား အမှူးထား၍ ဦးအောင်မင်း- ဒေါက်တာမေသန့်ဇင်၊ သား ကိုသူရအောင်- မအေးအေးထူး၊ သမီး မခင်သီရိအောင် (AM. CONSTRUCTION) မိသားစုက ဆေးနှင့်ဆေးပစ္စည်း ငွေကျပ် ငါးသိန်းကျော်ကိုလည်းကောင်း၊ ရန်ကုန်မြို့ ကျောက်မြောင်းနေ ဦးကျော်သူ-ဒေါ်ခင်နှင်းအေး သားသမီးတစ်စုတို့က ဆေးမျိုးစုံ ငွေကျပ်နှစ်သိန်းငါးသောင်းကျော်ကိုလည်းကောင်း၊ ရန်ကုန်မြို့နေ ဒေါက်တာနိုင်အောင်-ဒေါ်ခင်နှင်းနွယ်မိသားစုက ဆေးနှင့် ဆေးပစ္စည်း ငွေကျပ်သုံးသိန်းကျော်တို့ကိုလည်းကောင်း လှူဒါန်းကြသည်။ (၁၈၂)

# ကညွတ်ကွင်းအထက(၁) အာစရိယပူဇော်မည်

**ကညွတ်ကွင်း အောက်တိုဘာ ၁**

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများက အထက(၁) ကညွတ်ကွင်းမြို့၌ သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၇၈ ဦးတို့အား (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို နိုဝင်ဘာ ၆ ရက်တွင် အဆိုပါကျောင်း မြရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

(၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲအတွက် ကျောင်းသား၊ ကျောင်းသူဟောင်းများမှ အလှူငွေလှူဒါန်းလိုပါက ဦးအောင်မြင့် (ကညွတ်ကွင်း) ဖုန်း-၀၉-၈၆၀၁၅၅၀၊ ဦးကျော်နိုင်ဝင်း ဖုန်း-၀၅၄-၅၀၀၄၃၊ ဦးစိုးတင့် ဖုန်း-၀၉-၅၅၀၁၆၈၃၊ ဦးမောင်မောင်သိမ်း ဖုန်း-၀၉-၇၃၀၂၃၀၈၃၊ ဦးကျော်စိုး ဖုန်း-၀၁-၅၆၂၆၁၉၊ ဦးအေးလွင် ဖုန်း-၀၉-၅၁၉၀၃၉၇၊ ဦးအောင်ဝင်း (ရောင်နီဦး) ဖုန်း-၀၉-၅၅၀၆၅၀၃၊ ဦးတင့်လွင် ဖုန်း-၀၉-၅၂၉၉၉၉၅၊ ဦးစံသိန်း (မန္တလေး) ဖုန်း-၀၉-၉၁၀၀၆၈၇၃၊ ဦးနိုင်လင်း ဖုန်း-၀၉-၂၀၀၁၁၁၂၊ ဦးထွန်းမြင့် (နေပြည်တော်) ဖုန်း-၀၉-၈၆၀၁၃၂၇၊ ဒေါ်ခင်ဌေးတင်(မိတ္ထီလာ) ဖုန်း-၀၆၄-၃၅၃၅၇နှင့် ဦးဝင်းလှိုင်(တောင်ငူ) ဖုန်း-၀၅၄-၂၃၂၄၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၅၂)

# လယ်ယာမြေအကွက်ငယ်များမှ ဟက်တာကွက်ကြီးများအဖြစ်သို့ ပြုပြင် နိုင်ငံနှင့်အဝန်းတွင် ပုဂ္ဂလိကကဏ္ဍအပါအဝင် ဟန်ချက်ညီ အကောင်အထည်ဖော်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုဗ္ဗသီရိမြို့နယ် ခေတ်မီစံပြစက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်းအတွင်း ခင်းကျင်းပြသထားသော ဟင်းသီးဟင်းရွက် သစ်သီးဝလံ စားဖိုဆောင်သီးနှံပျိုးပင်များကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

❖ရွှေဖုံးမှ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်၏လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များအနက် ဦးစားပေးဆောင်ရွက်ရန်လိုအပ်သည့် တည်ဆောက်ပြီး ဆည်ကြီး ၂၈ ခု၏ ဆည်ရေသောက်စနစ်လုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော်မည့် အစီအမံနှင့် အထူးဦးစားပေး ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ရန် လိုအပ်နေသော တူးမြောင်းစနစ်(၁၆)ခု၏ လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ နှစ်စဉ် ရေကြီးနစ်မြုပ်မှု အန္တရာယ်ကြုံတွေ့နေရသည့် ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်များ၊ ကျေးရွာများအား ရေကြီးနစ်မြုပ်မှုမှကာကွယ်ရေးနှင့် ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း အစီအစဉ်များကိုလည်းကောင်း၊ မြစ်သာဆည် ဘက်စုံစီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းများကို လည်းကောင်း၊ လိုအပ်နေသော ဆည်ရေသောက်၊ တာတမံလုပ်ငန်းများကို ပွင့်လင်းရာသီအတွင်း ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် ကျေးလက်နေ လူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရရှိစေပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ဖြစ်သည့် ခေတ်မီ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆည်ရေသောက်လယ်မြေဧက ၇၀၀၀၀ ကို ပုဂ္ဂလိက စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် စက်ယန္တရားကြီးများ အသုံးပြုပြီး ခေတ်မီလယ်ယာမြေ ဖော်ထုတ်ရေးစီမံချက် ရေးဆွဲဖော်ဆောင်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးခင်ဇော်က ဆည်ရေသောက်စနစ် တစ်ခုချင်းအလိုက် အကောင်အထည်ဖော်ရန် လိုအပ်ချက်များ၊ ပဲခူးတိုင်းဒေသကြီး ရေလွှမ်းမိုးမှု ကာကွယ်တားဆီးရေးနှင့် ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အဆင့်(၃)ဆင့် ခွဲ၍ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လုပ်ငန်းများ အကောင်အထည်ဖော်နိုင်မည့် အစီအစဉ်များ၊ မြစ်သာဘက်စုံ ရေလှောင်တမံ အထူးစီမံကိန်း အပါအဝင် လုပ်ငန်းများအားလုံးတို့အား ပြည်ပချေးငွေဖြင့် (၃)နှစ်အတွင်း အပြီးအကောင်အထည်ဖော်သွားမည့် စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပုဂ္ဂလိက စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးကြည်စိန်က နေပြည်တော်ကောင်စီနယ်မြေအတွင်း စက်ယန္တရားများအသုံးပြု၍ ခေတ်မီစက်မှုလယ်ယာစနစ် အဆင့်ဆင့် အကောင်အထည်ဖော်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက **လုပ်ငန်းကဏ္ဍအလိုက် ဦးစားပေးအစီအစဉ်များ ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပိုမိုလျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအပိုင်းသာမက ပုဂ္ဂလိကကုမ္ပဏီများကိုပါ ဖိတ်ခေါ်ပြီး ထိထိရောက်ရောက် လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများ၏ အရည်အသွေးပိုင်း ချို့ယွင်းအားနည်းမှု မရှိစေရေးအတွက် ဒီဇိုင်းပုံထုတ်ခြင်းလုပ်ငန်းကို ပညာရှင်များ တာဝန်ယူပြီး စနစ်တကျဆောင်ရွက်သွားကြရန်၊ လုပ်ငန်းအဆင့်ဆင့် အရည်အသွေး စစ်ဆေးကြီးကြပ်သည့်အဖွဲ့များ (Quality Control) အား ပညာရှင်များဖြင့် စနစ်တကျဖွဲ့စည်းပြီး ကြပ်မတ် အကောင်အထည်ဖော်သွားရန်၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်း ကုန်ထုတ်လမ်းများ စနစ်တကျဖောက်လုပ်ခြင်း၊ ရေသွယ်မြောင်းများ၊ ရေသွင်းရေထုတ်မြောင်းများ စနစ်တကျဖောက်လုပ်ခြင်း၊ လယ်ယာမြေ အကွက်ငယ်များမှ ဟက်တာကွက်ကြီးများအဖြစ်သို့ စက်ယန္တရားကြီးများ အသုံးပြုပြီး ပြုပြင်ခြင်းလုပ်ငန်းများကို စံနမူနာပြဖြစ်အောင် တည်ဆောက်ရန်၊ နိုင်ငံနှင့်အဝန်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ပုဂ္ဂလိကကဏ္ဍ အပါအဝင် ဟန်ချက်ညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ ဤသို့ ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေပြီး ဆန်စပါးလုပ်ငန်းမှတစ်ဆင့် လယ်သမားများ အပါအဝင် နိုင်ငံတော်ဝင်ငွေ ပိုမို တိုးတက်ရရှိကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်** လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ခေတ်မီ စံပြစက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်းအတွင်း ခင်းကျင်းပြသထားသော တစ်ပိုင်တစ်နိုင် စပါးကြိတ်ခွဲစက်ငယ်နှင့် ဆီစက်ငယ်တို့ကိုလည်းကောင်း၊ ခေတ်မီစက်မှုလယ်ယာစနစ်ထူထောင်ရာ၌ လိုအပ်သည့် မြေယာပြုပြင်ကိရိယာများ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ ကောက်စိုက်စက်များနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံ စားဖိုဆောင်သီးနှံပျိုးပင်များကို လည်းကောင်း၊ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကြီး နှစ်စီးဖြင့် အထူးအထွက်တိုး မိုးစပါးဧကကွက်အား ရိတ်သိမ်းခြွေလှေ့ပြီး သယ်ဆောင်မည့် ယာဉ်ပေါ်သို့ တိုက်ရိုက်ရွှေ့ပြောင်းနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

## စက်မှုလယ်ယာစနစ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လာမည့် ဆောင်းသီးနှံနှင့် နွေစပါးရာသီတွင် ပုဗ္ဗသီရိမြို့နယ် စက်မှုလယ်ယာစနစ် ဧက ၅၀၀ အတွင်း သီးနှံများ စိုက်ပျိုးမည့် အစီအမံများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆည်ရေသောက် လယ်ဧက ၁၂၀၀၀ ကို သိပ္ပံနည်းကျစိုက်နည်း (G.A.P) စနစ်ဖြင့် ရာနှုန်းပြည့် ကူးပြောင်း အကောင်အထည်ဖော်မည့် အစီအမံနှင့် နေပြည်တော်၏ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ အထွက်တိုးနေကြာ ဧက ၅၀၀၀ စိုက်ပျိုးမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

## အကောင်အထည်ဖော်

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ဆန်စပါးစိုက်ပျိုးသည့် တောင်သူများ ဝင်ငွေအကျိုးအမြတ် တွက်ခြေကိုက်ရေးအတွက် ဆန်၏ အရည်အသွေးကောင်းမွန်ရန် **“စပါးကောင်းမှ ဆန်ကောင်းမည်”** ဟူသည့်အတိုင်း မျိုးကောင်းမျိုးသန့်များကို အသုံးပြုစိုက်ပျိုးသွားရန်၊ ရိတ်သိမ်းချိန် အလေအလွင့်နည်း၍ ဆန်အရည်အသွေး ကောင်းမွန်ရေးတို့အတွက် လိုအပ်သော ခေတ်မီစက်ကိရိယာများကို တောင်သူများ အသုံးပြုနိုင်ကြစေရန် ပုဂ္ဂလိက အခန်းကဏ္ဍအပါအဝင် ထိရောက်စွာ အကောင်အထည်ဖော်သွားရန်။

**မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးပညာပေး လုပ်ငန်းများကို နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများ နေ့စဉ် လက်လှမ်းမီ ပြန့်ပွားရရှိနိုင်ရေးအတွက် ရုပ်မြင်သံကြား အပါအဝင် သတင်းမီဒီယာနှင့် ပြန်ကြားရေးလုပ်ငန်းများ ကျေးရွာအရောက် ပျံ့နှံ့ရောက်ရှိနိုင်ရေးအတွက် နည်းလမ်းများ ကြံဆ၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းမြှင့်တင် ဖော်ဆောင်သွားရန်** မှာကြားလမ်းညွှန်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ပုဗ္ဗသီရိမြို့နယ် ခေတ်မီစံပြစက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်းအတွင်း ခင်းကျင်းပြသထားသော ခေတ်မီစက်မှုလယ်ယာစနစ်ထူထောင်ရာ၌ လိုအပ်သည့် မြေယာပြုပြင်ကိရိယာများ၊ ရိတ်သိမ်းခြွေလှေ့စက်များနှင့် ကောက်စိုက်စက်များကို တွေ့ရစဉ်။** (သတင်းစဉ်)

## စစ်တောင်းမြစ်ရေ အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁**

*စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၀၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ငါးစင်တီမီတာကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)*

# နိုင်ငံခြားငွေ ရောင်းဝယ်လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် Money Changer ကောင်တာများ စတင်ဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၁

**နိုင်ငံခြားငွေရောင်းဝယ်လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် Money Changer ကောင်တာများ စတင်ဖွင့်လှစ်သော အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၉၉/၁၀၃)၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အားပေးသည်။**

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံခြားငွေ ရောင်းဝယ်လဲလှယ်ခွင့်ရရှိသော ဘဏ်များမှ ဥက္ကဋ္ဌများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

**ဖွင့်လှစ်ပေး**

အခမ်းအနားတွင် နိုင်ငံခြားငွေများ ရောင်းဝယ်လဲလှယ်ခြင်း ဆောင်ရွက်ရန် Money Changer လိုင်စင် ရရှိထားသော ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက နိုင်ငံခြားငွေများ ရောင်းဝယ်လဲလှယ်ခြင်း ဆောင်ရွက်မည့် Money Changer ကို ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းစတင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် နိုင်ငံခြားငွေများ ရောင်းဝယ်လဲလှယ်ရေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့ဝင်များဖြစ်ကြသော ဘဏ်အသီးသီးမှ ဥက္ကဋ္ဌများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက လုပ်ငန်းစတင်ဆောင်ရွက်နေမှုများနှင့် ရေရှည်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဈေးကွက်တည်ငြိမ်ခိုင်မာမှုရှိစေရေး၊ ဘဏ်များ၏ ယှဉ်ပြိုင်နိုင်စွမ်း မျှတမှန်ကန်စေရေး၊ လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး၊ ဥပဒေစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး၊ လုံခြုံမှု ဂရုပြုရေးစသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)



**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း နိုင်ငံခြားငွေ ရောင်းဝယ်လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် Money Changer ကောင်တာများ ဖွင့်လှစ်ပြီး လုပ်ငန်းစတင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ကော့ကရိတ်မြို့နယ် ကျုံဒိုး တိုက်နယ်ဆေးရုံ၌ အထူးကုဆရာဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# ကျုံဒိုးတိုက်နယ်ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများအဖွဲ့၏ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုများ ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁**

ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့၏ စီမံမှုဖြင့် ပြည်နယ်ကျန်းမာရေးမှူး ဒေါက်တာငွေးနောင်နှင့် ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးမူတို့ ဦးစီးသော ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု၊ သွားဘက်ဆိုင်ရာအထူးကု၊ အထွေထွေရောဂါကု သမားတော်ကြီး၊ သားဖွားမီးယပ်အထူးကု၊ အရိုးအထူးကု၊ မျက်စိအထူးကု၊ ကလေးအထူးကု၊ ခွဲစိတ်အထူးကု၊ တိုင်းရင်းဆေးဌာနနှင့် ကိုယ်ခန္ဓာပြန်လည် သန်စွမ်းရေးဌာန စသည့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် စက်တင်ဘာ ၂၇ ရက်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ရှိ တိုက်နယ်ဆေးရုံ၌ ကျုံဒိုးမြို့ပေါ်နေပြည်သူများနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်သော မိဂလုံ၊ ရေပူ၊ ကမ်းနီ၊ ဒေါဖျာ၊ ခရစ်၊ ကော့ရိုး၊ ကျုံဒိုးချောင်းဖျားကျေးရွာတို့မှ ကျေးရွာသူ၊ ကျေးရွာသားများအား ရောဂါရှာဖွေ စမ်းသပ်ပေးကြပြီး ရောဂါအလိုက် အထူးကုဆရာဝန်ကြီးများက ဆေးကုသပေးမှု ဆောင်ရွက်ပေးကြသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ်ဝန်ကြီးများက လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က မျက်စိဝေဒနာရှင်များအတွက် မျက်မှန်များ လှူဒါန်းတပ်ဆင်ပေးမှုများကိုလည်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော ပြည်သူများအား ကြည့်ရှုအားပေးကာ ထောက်ပံ့အလှူငွေများ ပေးအပ်သည်။ ယင်းနောက် တိုက်နယ်ဆေးရုံ ခွဲစိတ်ခန်းကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဆေးပဒေသာပင် အလှူငွေနှင့် ဆေးရုံဝန်ထမ်းများ အထွေထွေအသုံးပြုနိုင်ရေးထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ ကျုံဒိုးတိုက်နယ်ဆေးရုံတွင် ဘားအံပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့ ၁၀ ဖွဲ့ဖြင့် အခမဲ့ဆေးဝါးကုသပေးမှုတွင် လာရောက်ကုသသူစုစုပေါင်း ၁၄၀၄ ဦးဖြစ်ပြီး မျက်စိဝေဒနာရှင်များအား မျက်မှန် အလက် ၉၀ ဖြန့်ဝေတပ်ဆင်ပေးခဲ့သည်။ (သတင်းစဉ်)

# ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် စည်ပင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက် ၇ နာရီခွဲတွင် အလုံမြို့နယ် ကရင်ခြံရပ်ကွက်ရှိ ကရင်ခြံဝင်းအတွင်း၌ ပြုလုပ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး အားပေးသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ရန်ကင်း၊ ရွှေပြည်သာ၊ လသာ၊ အင်းစိန်၊ တာမွေနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်များတွင် တစ်ပြိုင်တည်း ပြုလုပ်ကြသည်။

ထို့နောက် အလုံမြို့နယ် ကမ်းနားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန မော်တော်ယာဉ်ဝင်း၌ လုပ်ငန်းသုံးယာဉ်နှင့် စက်ယန္တရားများ ကြံ့ခိုင်မှု၊ ဗဟန်းမြို့နယ်ရှိ အရှည်ပေ ၆၀၀ နှင့် အကျယ် ၄၂ ပေရှိ ရွှေဂုံတိုင်လမ်း ကွန်ကရစ်လမ်းချောခင်းကျင်းပြီးစီးမှုနှင့် လူသွားစင်္ကြံများ ပြုလုပ်နေမှု၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တို့ကို ဆက်သွယ်သည့် ငမိုးရိပ်တံတား(ပါရမီ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၌ အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၃၅)ရပ်ကွက် သမိန်ဗရမ်းလမ်းနှင့် ဆရာခြံလမ်းများ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၉)ရပ်ကွက် ဗိုလ်စောနောင်လမ်းနှင့် ရာကျော်လမ်းတို့ရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် စက်ယန္တရားဖြင့် တူးဖော်ဖောက်လုပ်နေမှု၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် ပဲခူးမြစ်လမ်းနှင့် သာကေတမြို့နယ် နဝရတ်လမ်းအထိ အရှည်ပေ ၁၅၉၅၀ နှင့် အကျယ် ၄၄ ပေရှိ ရတနာလမ်းအား ကွန်ကရစ်လမ်းနှင့် ကျောက်ချောကတ္တရာလမ်းခင်းကျင်းရန် ဆောင်ရွက်နေမှုနှင့် လမ်းအခြေအနေ၊ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရေဆိုးသန့်စင်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

# အင်္ဂပူမြို့နယ် ဆွမ်းသိမ်းပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁**

အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)၏ ဝါတွင်း ဆွမ်းလောင်းလှူပွဲကို ဇာတိမြေ ညောင်ကျိုးမြို့၌ အောက်တိုဘာ ၁၀ ရက် (တနင်္လာနေ့) နံနက်တွင်လည်းကောင်း၊ အင်္ဂပူမြို့ သာသနာ့ဗိမာန်၌ အောက်တိုဘာ ၁၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် လည်းကောင်း၊ ဆွမ်းသိမ်းပွဲနှင့် စာရေးတံမဲလောင်းလှူပြီး ရေစက်ချအခမ်းအနားများကျင်းပမည်ဖြစ်ရာ ဇာတိမြေဖွား အသင်းသူ၊ အသင်းသားများအနေဖြင့် ဦးမြင့်အောင် ဖုန်း-၀၁-၅၁၅၉၁၄၄၊ ဦးသောင်းတင် ဖုန်း-၀၉-၇၃၀၁၁၂၈၀၊ ဦးဇော်လွင် ဖုန်း-၀၉-၅၁၄၄၅၄၉၊ ဦးသိန်းဝင်း ဖုန်း-၀၉-၈၆၃၆၈၈၇ နှင့် အသင်းရုံး ဖုန်း-၀၁-၆၅၆၂၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)



# ကမ္ဘာ့ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့ ပျဉ်းမနား၌ကျင်းပ

**ပျဉ်းမနား အောက်တိုဘာ ၁**

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား (၂၀၁၁) ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပရာ အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော် **(အပေါ်ပုံ)**က အမှာစကား ပြောကြားပြီး ပျဉ်းမနားမြို့နယ် ဦးစီးအရာရှိ ဒေါက်တာဝင်းစိုးက ခွေးရူးရောဂါအကြောင်း သိမှတ်ဖွယ်ရာများကို လည်းကောင်း၊ တပ်ကုန်းမြို့နယ်ဦးစီးအရာရှိ ဒေါက်တာခင်မောင်မြတ်က ဝက်နားရွက်ပြာရောဂါအကြောင်းတို့ကို ပညာပေးဟောပြောပြီး အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်များအား ခွေးရူးရောဂါ ကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

(၅၈၆)



**အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်း အင်းစိန်မြို့နယ်၏ ပညာရည်ထူးချွန်ဆုပေးအပ်ပွဲကို စက်တင်ဘာ ၂၄ ရက်က ကျင်းပရာ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းမိသားစုအဆင့်များတွင် ထူးချွန်ဆုရသော စတုတ္ထတန်းမှ မမေချမ်းမြွေသူအား ကျောင်းအုပ်ဆရာကြီး ဦးစောဖရင့် ဆုချီးမြှင့်စဉ်။** (ပညာရေး)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

### ၂-၁၀-၂၀၁၁ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၄ | ၁။ | နိုင်ငံတော်သီချင်း |
| ၇:၀၅ | ၂။ | တရားတော် |
| ၇:၁၅ | ၃။ | ဓမ္မပူဇာတေး |
| ၇:၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇:၂၅ | ၅။ | မြန်မာ့ရှုခင်း |
| ၇:၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | ၁၁။ | မြန်မာ့ရှုခင်း |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၄ | ၁။ | နိုင်ငံတော်သီချင်း |
| ၁၁:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၁:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁:၂၀ | ၄။ | **ကာတွန်းအစီအစဉ် -ဟင်နရီရဲ့အိပ်မက် (အပိုင်း-၁၈)** |
| ၁၁:၅၀ | ၅။ | **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အချစ်ရဲ့စေညွှန်ရာ** |
| ၁၂:၄၀ | ၆။ | ကျန်းမာသုတ |
| ၁၂:၅၀ | ၇။ | မြန်မာသံစဉ်ချိုနားဝင် |
| ၁:၀၀ | ၈။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၂၁)** |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၂ | ၁။ | နိုင်ငံတော်သီချင်း |
| ၄:၀၃ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၁၅ | ၄။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄:၂၀ | ၅။ | လျှပ်တစ်ပြက် |
| ၄:၄၅ | ၆။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅:၀၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅:၃၀ | ၈။ | ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၂၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆:၃၀ | ၁၁။ | ဘဝကြေးမုံ -ပိုက်ဆံအိတ် (ကြာစီ၊ နှင်းထက်ထက်ဝေ၊ လုလုနှင့်သရုပ်ဆောင်များ) -ဒါရိုက်တာ[ဆဲဗင်း(အိုင်စီ)] |
| ၆:၅၀ | ၁၂။ | ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ |
| ၇:၀၀ | ၁၃။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၁၂)** |
| ၈:၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | အမျိုးသားရေးတေးကဗျာ |
| | ၁၆။ | နိုင်ငံတကာသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| | ၁၉။ | ပဟေဠိနန်းတော် |
| | ၂၀။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ | မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြု ဇာတ်လမ်း -အမှောင်ခွင်းမည့်အလင်းမြား (အပိုင်း-၂) (ဇာတ်သိမ်း) |
| | ၂၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-ထာဝရချစ်သူ(အပိုင်း-၅၅)** |
| | ၂၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အိမ်အပြန်လမ်း (အပိုင်း-၈၃)** |

# ပုဇွန်တောင် ရေကျော် သီတင်းကျွတ်ပွဲတော် စည်ကားစွာ ကျင်းပသွားမည်

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၉)ရပ်ကွက် ရေကျော်နှင့် အမှတ်(၁၀)ရပ်ကွက်တို့တွင် ယခုလာမည့် သီတင်းကျွတ်ပွဲတော်ကို စည်ကားစွာကျင်းပသွားမည်ဖြစ်သည်။

ပုဇွန်တောင်ရေကျော် သီတင်းကျွတ်ပွဲတော်ကို ယခုနှစ်တွင် စည်ကားစွာ ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်းဖြင့် ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုနှစ် ပုဇွန်တောင် ရေကျော် သီတင်းကျွတ်ပွဲတော်ကို (သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် တစ်ရက်) အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပ၍ စတိတ်ရှိုးများနှင့် ရုပ်ရှင်ဇာတ်ကားများကိုလည်း ပြသသွားမည်ဖြစ်ပြီး ဈေးဆိုင်တန်းများ၊ ချားရဟတ်ကြီးများကိုလည်း စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

(ဥမ္မာသန့်-သတင်းစဉ်)

# ယာဉ်မတော်တဆမှုများတွင် ယာဉ်မောင်းသူများ၏ မဆင်မခြင်မောင်းနှင်မှုကြောင့် အများဆုံးဖြစ်ပေါ်နေရ

**ရန်ကုန် အောက်တိုဘာ ၁**

ယာဉ်မတော်တဆဖြစ်ပွားနေမှုများကို လေ့လာဆန်းစစ်ကြည့်ရာတွင် ယာဉ်မောင်းသူများ၏ မဆင်မခြင် မောင်းနှင်မှုက အများဆုံးဖြစ်ပေါ်နေရကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဝင်းနောင်၏ မေးမြန်းချက်အပေါ် ပြန်လည်ဖြေကြားစဉ် ထည့်သွင်းပြောကြားသွားခဲ့သည်။

ယာဉ်မတော်တဆမှုများအား လေ့လာဆန်းစစ်ခဲ့ရာတွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ သုံးနှစ်တာ ကာလအတွင်း ယာဉ်မောင်းသူများ၏ မဆင်မခြင် မောင်းနှင်မှုကြောင့်သာ အများဆုံးဖြစ်ပေါ်နေရသည်ဟု သိရပြီး အရှိန်ပြင်းမောင်းနှင်မှုကြောင့်မှာ ဒုတိယအများဆုံးဖြစ်ပေါ်နေရသည်ဟု သိရသည်။ ယင်းမတိုင်မီ ကာလကလည်း ယာဉ်မတော်တဆမှုများကို လေ့လာကြည့်ရာတွင် ယာဉ်မောင်းသူများ၏ မဆင်မခြင် မောင်းနှင်မှုကြောင့် အများဆုံးဖြစ်ပြီး အရှိန်ပြင်းမောင်းနှင်မှုမှာ ဒုတိယအများဆုံးဖြစ်သည်။ လမ်းကူးသူများ၏ မဆင်မခြင်ဖြတ်ကူးမှုကြောင့် တတိယအများဆုံးဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း စာရင်းဇယားများအရ သိရသည်။ ခရီးသည်များ၏ ပေါ့ဆမှု၊ ယာဉ်မောင်းလိုင်စင်မရရှိမီ မောင်းနှင်ရာမှ မတော်တဆဖြစ်ပေါ်နေမှု၊ ယာဉ်မောင်း မကျွမ်းကျင်မှုတို့ကြောင့်လည်း ဖြစ်ပေါ်မှုများရှိနေပြီး စက်ကိရိယာချွတ်ယွင်းမှု၊ ရာသီဥတုမကောင်းမွန်မှုနှင့် လမ်းမကောင်းမှုတို့ကြောင့် ဖြစ်ပေါ်ခဲ့သည့် မတော်တဆမှုများမှာ နည်းပါးသည်ဟု စာရင်းဇယားများအရ သိရသည်။

နှစ်စဉ် လမ်းများကို အသုံးပြုနေကြသော လမ်းအသုံးပြုမှု ပမာဏမြင့်တက်လာသည်နှင့်အမျှ ယာဉ်များနှင့် ဆက်စပ်သည့် မတော်တဆဖြစ်ရပ်များလည်း ဖြစ်ပွားမှုများပြားလာပြီး နေ့စဉ်နှင့်အမျှ ယာဉ်မတော်တဆ ဖြစ်ရပ်များကြောင့် လူသေဆုံးမှု၊ ထိခိုက်ဒဏ်ရာရကာ မသန်မစွမ်းဘဝဖြစ်ရမှုများ ဖြစ်ပေါ်နေကြရသည်။ ၂၀၀၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ ယာဉ်အစီးရေ ၄၃၆၂၇၉ စီးသာ ရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် ၂၃၂၆၃၃၉ စီးအထိ ရှိလာခဲ့သည်။ ယင်းတွင် မော်တော်ဆိုင်ကယ်စီးရေမှာ ၁၉ သိန်း ဝန်းကျင်ခန့်အထိ ပါဝင်နေသည်။ ရန်ကုန်ကဲ့သို့ မော်တော်ယာဉ်အစီးရေများပြားသော စီးပွားရေးမြို့တော်တွင် မော်တော်ယာဉ်နှင့် ထိခိုက်မိသည့် ယာဉ်မတော်တဆမှုမှာ အများဆုံးဖြစ်သော်လည်း နယ်မြို့များတွင် မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားမှုမှာ အများဆုံးဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရလည်း မော်တော်ဆိုင်ကယ်များကြောင့် မတော်တဆ ဖြစ်ရပ်မှာ အများဆုံးဖြစ်ကြောင်း သိရသည်။ နေ့စဉ်ကြုံတွေ့ဖြတ်သန်းနေမှုရကြောင့် ယာဉ်အန္တရာယ်များအပေါ် သတိမပြုမိဘဲ အမှုမဲ့ အမှတ်မဲ့ သွားလာနေကြသော်လည်း ယာဉ်မတော်တဆ ဖြစ်ရပ်များကြောင့် တန်ဖိုးရှိသော လူ့အသက်များ၊ အလုပ်လုပ်နိုင်စွမ်းရှိသော လူငယ်လူရွယ်များ ဆုံးရှုံးနေရသည့်အပြင် တိုင်းပြည်၏ ဂျီဒီပီကိုပါ ထိခိုက်ဆုံးရှုံးစေလျက်ရှိသည်ဟု ပညာရှင်များက သုံးသပ်ကြသည်။ ယာဉ်မတော်တဆ ဖြစ်ပွားနေသည့် အသက်အရွယ်အပိုင်းအခြားမှာ လူလတ်ပိုင်းများဖြစ်ပြီး ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးနေရသည့် အသက်အရွယ်အပိုင်းအခြားမှာလည်း လူလတ်ပိုင်းအရွယ်များ အများဆုံးဖြစ်ကြောင်း သိရသည်။

ယင်းကြောင့် လက်ရှိ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဆယ်စုနှစ်တစ်ခုကို လမ်းအန္တရာယ်ကင်းရှင်းရေး ဆယ်စုနှစ်တစ်ခုအဖြစ် သတ်မှတ်ကာ အသိပညာပေးမှုများ၊ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် လျော့ကျရေးစီမံချက်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် ထုတ်ပြန်ကြေညာခဲ့သည့် မော်စကိုကြေညာစာတမ်းကို နိုင်ငံတကာအပါအဝင် မြန်မာနိုင်ငံမှလည်း လိုက်နာပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

(ဝဝ၁)

# ယာဉ်လုပ်သားများ ကျန်းမာရေးစောင့်ရှောက်ပေးမှု အဖွဲ့တစ်ရပ် ဖွဲ့စည်းလုပ်ဆောင်ဖို့ လိုအပ်လာ

**ရန်ကုန် အောက်တိုဘာ ၁**

ယာဉ်လုပ်သားများ၏ ကျန်းမာရေး စောင့်ရှောက်မှုများအတွက် ပုံမှန်ကျန်းမာရေး စစ်ဆေးဆောင်ရွက်မှုပြုနိုင်သည့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းထူထောင်ပေးဖို့ လိုအပ်လာကြောင်း သိရသည်။

အဆိုပါ ယာဉ်လုပ်သားများမှာ အခြားသော ဝန်ထမ်းများနှင့် နှိုင်းယှဉ်ပါက အချိန်ကြာမြင့်စွာ အလုပ်လုပ်ကိုင်ရခြင်းများရှိပြီး အခြေခံပညာအဆင့်သာ ရှိကြသည်ကများခြင်းနှင့် ကျန်းမာရေးအသိပညာ နည်းပါးခြင်းတို့ကြောင့် တစ်ပတ်လျှင် တစ်ကြိမ်အဖြစ်လည်းကောင်း၊ တစ်လလျှင် နှစ်ကြိမ်သုံးကြိမ်နှုန်းလောက်အဖြစ်လည်းကောင်း ကျန်းမာရေးပုံမှန်စစ်ဆေးကာ လိုအပ်သည့် ဆေးဝါးကုသမှုများအတွက် အစီအစဉ်များချမှတ် ဆောင်ရွက်ဖို့လိုအပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ယာဉ်လုပ်သား အကုန်လုံးမကောင်းတာမျိုးမဟုတ်ပါဘူး။ ကောင်းတဲ့ယာဉ်လုပ်သားတွေလည်း အများကြီးပါပဲ" ဟု မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ ထိုယာဉ်လုပ်သားများမှာ ခရီးသည်များနှင့် နေ့စဉ် ထိတွေ့ပြောဆိုဆက်ဆံရခြင်းတို့ကြောင့် တီဘီရောဂါကဲ့သို့သော လေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကူးစက်ခံရခြင်းများလည်း ဖြစ်နိုင်ပြီး မိမိတွင် ရရှိပြီးသော ရောဂါများကို အခြားသော ခရီးသည်များသို့ ဖြန့်ဝေရာလည်း ဖြစ်နိုင်ကြောင်း၊ ယာဉ်ပေါ်တွင် တာဝန်ထမ်းဆောင်ကာ မိသားစုစားသောက်ရေး စီစဉ်ရှာဖွေရသည့် အချိန်ကများခြင်းကြောင့် ကိုယ်ပိုင်လွတ်လပ်ချိန်မရှိဘဲ မိမိဘာသာ ဆေးရုံဆေးခန်းသွား၍ ကျန်းမာရေးစောင့်ရှောက်မှုပြုရန် အချိန်မရတတ်ခြင်း၊ ကျန်းမာရေးအသိနည်းပါးခြင်းကြောင့် ဆေးရုံဆေးခန်းသို့ သွားရောက်ဖို့ ဝန်လေးတတ်ခြင်းနှင့် မိသားစုအတွက် ရုန်းကန်ရင်းဖြင့် ငွေကြေးချို့တဲ့ခြင်းများလည်း ရှိသောကြောင့် အဖွဲ့တစ်ရပ်ဖွဲ့စည်းကာ ကျန်းမာရေး စောင့်ရှောက်မှုကို အစီအစဉ်များ ချမှတ်၍ လုပ်ဆောင်သွားသင့်သည့်အပြင် ဆေးဝါးကုသခြင်းများ အတွက်လည်း ရန်ပုံငွေတစ်ရပ်ထူထောင်ကာ လုပ်ဆောင်သင့်ကြောင်းသိရသည်။ (၆၈၀)

## မှူးယစ်ကင်းစင် အလှဆင်



ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၄ ရက်က ယင်းကျောင်းခန်းမ၌ ကျင်းပရာ စာသင်နှစ် ၁၅ နှစ်အတွင်း ခွင့်ပျက်ရက်မရှိ ဆုရရှိသော ဆရာမ ဒေါ်အေးအေးသန်းအား ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဦး ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

(ပညာရေး)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# တာလီဘန်စစ်သွေးကြွအုပ်စုနှင့် ဆွေးနွေးမှု ထပ်မံမပြုလုပ်တော့ဟု အာဖဂန်သမ္မတ ပြောကြား

ကဘူး အောက်တိုဘာ ၁

**မိမိ၏အစိုးရအဖွဲ့သည် တာလီဘန်စစ်သွေးကြွအုပ်စုနှင့် နောက်ထပ် လုံးဝတွေ့ဆုံဆွေးနွေးတော့မည် မဟုတ်ကြောင်း အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက အောက်တိုဘာ ၁ရက်တွင် ပြောကြားသည်။**



**တာလီဘန်စစ်သွေးကြွအုပ်စုနှင့် ဆွေးနွေးမှုထပ်မံမပြုလုပ်တော့ဟု ပြောကြားနေသည့် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းအား သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်နိုင်ငံ၏ ငြိမ်းချမ်းရေးကောင်စီ အကြီးအကဲ လုပ်ကြံသတ်ဖြတ်ခံခဲ့ရပြီးနောက် သမ္မတကာဇိုင်းက အထက်ပါအတိုင်းပြောကြားသည်။

အာဖဂန်သမ္မတဟောင်းနှင့် ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဘာဟာနူဒင်ရာဘာနီသည် စက်တင်ဘာ ၂၀ရက်က ၎င်း၏နေအိမ်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ကြောင့် သေဆုံးခဲ့သည်။

ရာဘာနီသည်တာလီဘန်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးနေချိန်အတွင်း တာလီဘန်တစ်ဦးက ၎င်း၏ ခေါင်းပေါင်းအောက်တွင် ဝှက်ယူလာသောဗုံးကို ဖောက်ခွဲခဲ့သည်။

ယင်းတိုက်ခိုက်မှုကြောင့် အာဖဂန်အထက်တန်း တာဝန်ရှိသူ ငါးဦးမှာ သေဆုံးခဲ့ရသည်။

ရာဘာနီလုပ်ကြံသတ်ဖြတ်ခံခဲ့ရခြင်းကြောင့် တာလီဘန်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးလိုခြင်းမရှိတော့ဘဲ ပါကစ္စတန်နိုင်ငံနှင့်သာ ဆွေးနွေးလိုကြောင်း ကာဇိုင်းက ပြောကြားသည်။

လုပ်ကြံသတ်ဖြတ်သူသည် တာလီဘန်ကောင်စီအဖွဲ့ဝင်တစ်ဦးအဖြစ် ရုပ်ဖျက်ကာ အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ တာလီဘန်အဖွဲ့နှင့် နောက်ထပ်တွေ့ဆုံဆွေးနွေးတော့မည်မဟုတ်ကြောင်း ကာဇိုင်းက ပြောကြားသည်။

**အင်တာနက်။**

# ကွမ်စီကျွမ်းဒေသတောင်ပိုင်း၌ မုန်တိုင်းကြောင့် ပြည်သူတစ်သန်းကျော် ဘေးဥပဒ်ရောက်

**နန်နင်း အောက်တိုဘာ ၁**

တရုတ်နိုင်ငံ ကွမ်စီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ တောင်ပိုင်းတွင် "နီဆက်"အမည်ရှိ တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပြည်သူ တစ်သန်းကျော် သဘာဝ ဘေးအန္တရာယ် တွေ့ကြုံခဲ့ကြရကြောင်း ဒေသန္တရအစိုးရက အောက်တိုဘာ ၁ ရက်တွင် ပြောကြားသည်။

မြို့ကြီးရှစ်မြို့ရှိ စီရင်စု ၂၃ ခုတွင် မုန်တိုင်းဒဏ်ကို ဆိုးဆိုးရွားရွား ခံစားခဲ့ကြရသည်။ ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော်နန်နင်းတွင်လည်း မုန်တိုင်းဒဏ်ကိုတွေ့ကြုံခဲ့ရကြောင်း၊ ပြည်သူ ၆၃၂၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလိုက်ရကြောင်း ဒေသဆိုင်ရာ အရပ်ဘက်ရေးရာဌာနက ထုတ်ပြန်သော သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။



**တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျွမ်းဒေသ၌ တိုင်ဖုန်းမုန်တိုင်း နီဆက်တိုက်ခတ်ခြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးဒုက္ခသင့်ရောက်သူများ၏ ပုံရိပ်ကို ဤသို့ တွေ့မြင်ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

ပြည်သူ ၁ ဒသမ ၁၈ သန်းထက်မနည်းမှာ နေအိမ်များ ပျက်စီးခြင်းနှင့် စိုက်ခင်းများဆုံးရှုံးရခြင်းတို့နှင့် တွေ့ကြုံရကြောင်း သတင်းကြေညာချက်တွင် ဖော်ပြခဲ့သည်။

တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်စဉ် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး နေအိမ် ၃၈၇ လုံး လုံးဝပျက်စီးခဲ့ရကာ နေအိမ် ၂၇၂၁ လုံးမှာ တစ်စိတ်တစ်ဒေသ ပျက်စီးခဲ့သည်။

မုန်တိုင်းကြောင့် စိုက်ခင်းဟက်တာ ၁၂၀၀၀၀ ခန့် ပျက်စီး ခဲ့ရကြောင်း၊ ယင်းအနက် ဟက်တာ ၃၆၂၀ မှာ လုံးဝပျက်စီးဆုံးရှုံးရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဆင်ဟွာ။**

# တူရကီသင်္ဘောတစ်စင်း၏ ကောင်းကင်ယံ၌ အစ္စရေးစစ်လေယာဉ်များ ဝဲလှည့်ပျံသန်းခဲ့ဟုဆို

**အန်ကာရာ အောက်တိုဘာ ၁**

လေကြောင်းလမ်းထိန်းချုပ်ညွှန်ကြားသူများ၏ သတိပေးချက်များအား ဥပေက္ခာပြု၍ ဆိုက်ပရပ်စ်နိုင်ငံ လေကြောင်းပိုင်နက်ကို ဖြတ်သန်းကာ တူရကီကမ်းရိုးတန်းဒေသအနီး ချဉ်းကပ်ပျံသန်းခဲ့သော အစ္စရေးလေတပ်မှ အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ်နှစ်စင်းကို ထောက်လှမ်းတွေ့ရှိခဲ့ရကြောင်း တူရကီအာဏာပိုင်များက စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ဆိုက်ပရပ်စ်နိုင်ငံအနီး ရေပြင်၌ ဓာတ်ငွေ့သိုက်ရှာဖွေမှုများပြုလုပ်နေသော သင်္ဘောတစ်စင်း၏ အထက်၌ စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် ဂျက်တိုက်လေယာဉ်နှစ်စင်း ဝဲလှည့် ပျံသန်းခဲ့ကြောင်း ယင်းသင်္ဘော၏ တာဝန်ရှိသူများက သတင်းပို့ခဲ့ကြသည်။

ယင်းဂျက်တိုက်လေယာဉ်နှစ်စင်းသည် တူရကီနိုင်ငံက စေလွှတ်လိုက်သော အက်ဖ်-၁၆ တိုက်လေယာဉ်နှစ်စင်း ရောက်ရှိလာခဲ့ပြီးနောက် လာရာလမ်းအတိုင်းပြန်လည် ဆုတ်ခွာပျံသန်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ အဖြစ်အပျက်နှင့် ပတ်သက်၍ အစ္စရေးစစ်ဘက်အနေဖြင့် တစ်စုံတစ်ရာသိကြားခဲ့ရခြင်းမရှိကြောင်း အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုရက်သတ္တပတ်အစောပိုင်းကာလက တူရကီနိုင်ငံသည် ပြည်တွင်း၌ပင် ပုံစံထုတ်တည်ဆောက်ခဲ့သော စစ်သင်္ဘောတစ်စင်းအား အခမ်းအနားဖြင့် ရေချခဲ့ရာ စစ်သင်္ဘောများ ကိုယ်တိုင် တည်ဆောက်ထုတ်လုပ်နိုင်သော ကမ္ဘာ့ထိပ်တန်းနိုင်ငံ ၁၀ နိုင်ငံစာရင်း၌ ပါဝင်လာပြီဖြစ်သည်။

**အင်တာနက်။**

# အရွယ်ညောင်းပေမယ့် ဇရာမထောင်းပါ

ကြည်ထွန်း(လူမှုဝန်ထမ်း)

သားမောင်ကိုမျိုး-

သားရေးလိုက်တဲ့စာနဲ့ လက်ဖက်ခြောက်ထုပ် မနေ့က ရတယ်။ **သားအချစ် မြေးအနှစ်** ဆိုတော့လည်း သား အမေကြီးက စာဖတ်ပြီး လွမ်းနေရှာလေရဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတာဝန်တွေပိနေလို့ ဒီနှစ် သီတင်းကျွတ်မှာ သားကြီး ပြန်မလာနိုင်တာကို ခွင့်လွှတ်ပါတယ်။ အခုလို နိုင်ငံတော်သစ် တည်ဆောက်နေတဲ့ကာလမှာ သားတို့ အလုပ်တွေများကြမှာ ပေါ့။ ဘာမှ စိတ်စနောင့်စနင်းမဖြစ်နဲ့။ စိတ်ဖြောင့်ဖြောင့်နဲ့ ကိုယ့်တာဝန်ကိုယ်သာ ကိုယ်ကျေအောင်လုပ်ပါ။ နိုင်ငံတော် အစိုးရရဲ့ ဂုဏ်ကျေးဇူးကြောင့် အဖေကြီးလည်း ပင်စင်လစာ တိုးပြီလေ။ မင်းအမေကြီးကတော့ အပျော်မျက်လုံး၊ အပြုံး မျက်နှာနဲ့ပေါ့။ ရှင်ရသမျှ အကုန်အပ်၊ ဒီနှစ် ကထိန်သင်္ကန်းကပ် ကြရအောင်တဲ့။

သားကြီးရေ----

အခုနှစ်ကုန်ပိုင်းမှာ ကမ္ဘာ့လူဦးရေ သန်းခုနစ်ထောင် ပြည့်တော့မှာတဲ့။ အဲဒီအရေအတွက်ထဲမှာ အဖေကြီးတို့တစ်တွေ ပါဝင်နေတာဟာ မင်္ဂလာပဲပေ့ါ။ ကမ္ဘာပေါ်မှာ လူဦးရေဒီလောက် များလာတာဟာ လူသားတွေရဲ့ မြင့်မားတဲ့စွမ်းဆောင်မှုကြောင့် ပါပဲ။ သို့ပေမယ့် တစ်ဖက်မှာ စိန်ခေါ်မှုအသစ်တွေအများကြီးနဲ့ ရင်ဆိုင်ကြရတော့မှာလေ။ စားနပ်ရိက္ခာမလုံလောက်မှုတွေ၊ ရေရှားပါးမှုနဲ့ သဘာဝဘေးအန္တရာယ်တွေကို ရင်ဆိုင်နိုင်ရေး ဟာ ကမ္ဘာနဲ့အဝန်း ကြီးထွားနေတဲ့ ပြဿနာတွေပဲ မဟုတ်လား။ လက်ရှိသန်းခုနစ်ထောင်နဲ့ နောင်တိုးပွားမယ့် မျိုးဆက်သစ်တွေ ဟာ သာယာဝပြောပြီး တည်ငြိမ်တဲ့ကမ္ဘာပေါ်မှာ ဆက်ပြီး အသက်ရှင်နေထိုင်ဖို့ဆိုတာက ဒို့တွေရဲ့ဆုံးဖြတ်လုပ်ကိုင်မှုတွေ အပေါ်မှာပဲ တည်မှီနေတယ်လေ။ ဒါ့ကြောင့် ဒို့တစ်တွေဟာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသလို တစ်ဦးအပေါ်တစ်ဦး အပြန် အလှန်အမှီသဟဲပြုပြီး ကောင်းတဲ့အနာဂတ်ကို ဖော်ဆောင်ကြဖို့ အရေးကြီးတယ် သားကြီးရဲ့။

သားကြီးရေ-

ဒို့ကမ္ဘာကြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာက စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတဲ့ ကဏ္ဍ သုံးရပ်စလုံးကို ကျယ်ကျယ်ပြန့်ပြန့်ပေါင်းစပ်ဆောင်ရွက်နိုင်ပါမှ တန်ကာကျမှာလေ။ ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်တွေ ချမှတ်ပေးထားတယ် သားရဲ့။ အခု သားတို့ရောက်နေတဲ့နေရာက ပြည်သူတွေ လူနေမှုဘဝမြင့်မား ဖို့ ကျေးလက်ဒေသသာမက မြို့ပေါ်ရပ်ကွက်နေ လက်လုပ် လက်စားတွေပါမကျန် ဆင်းရဲနွမ်းပါးမှုတွေ လျော့နည်းသွား အောင်၊ ဖွံ့ဖြိုးတိုးတက်မှုတွေရှိလာအောင် ဆောင်ရွက်နေကြ တာ မဟုတ်လား။ ဒီလုပ်ငန်းကြီးဟာ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်ကို လှမ်းကိုင်နိုင်အောင် ဆောင်ရွက်နေ တာပဲပေ့ါ။ သားတို့တစ်တွေ မခိုမကတ်တာဝန်ကျေကြပါမှ အောင်မြင်နိုင်မှာနော်။ ဘယ်အလုပ်မဆို စိတ်ရောကိုယ်ပါလုပ် ကြမယ်ဆိုရင် ကျိန်းသေပေါက်အောင်မြင်မှာပါ။

သားကြီးရေ-

အနာဂတ်ကမ္ဘာကြီး သာယာဝပြောစေဖို့ ဆင်ခြင်တွက် ဆရမယ့် အချက်တွေထဲမှာ အဖေကြီးတို့လို သက်ကြီးရွယ်အို တွေ တိုးတက်များပြားလာတဲ့အချက်ဟာ ကမ္ဘာ့သမိုင်းမှာ မကြုံ စဖူး ထူးထူးကဲကဲစိန်ခေါ်မှုတစ်ခုတဲ့။ လူဦးရေအင်မတန်များ တဲ့ တရုတ်နိုင်ငံမှာ မိသားစုတစ်စု ကလေးတစ်ယောက်နှုန်း မူဝါဒကို ချမှတ်ဆောင်ရွက်နေသလို ဖွံ့ဖြိုးပြီးနိုင်ငံ တော်တော် များများမှာလည်း သားသမီးအရေအတွက်ကို လျော့နည်းပြီး ယူလာကြတယ်။ လူ့သက်တမ်းပိုပြီး ရှည်လာတာနဲ့အမျှ သက်ကြီးရွယ်အို ဦးရေဟာလည်း နိုင်ငံတိုင်း နေရာတိုင်းမှာ တိုးတက်များပြားလာတာပေ့ါ၊ အဖေကြီးတို့ မြန်မာနိုင်ငံမှာ ပဲကြည့်ဦး။ အသက်(၆၀)နဲ့အထက် သက်ကြီးရွယ်အို အရေ အတွက်ဟာ ၂၀၀၇ ခုနှစ်က လူဦးရေစုစုပေါင်းရဲ့ ၈ ဒသမ ၇ ရာခိုင်နှုန်း ပဲရှိရာက ၂၀၁၀ ခုနှစ်မှာ ၉ ဒသမ ၁ ရာခိုင်နှုန်းကို တိုးလာခဲ့တယ်။ အဲ့ဒီအထဲက သုံးပုံတစ်ပုံလောက်ဟာ နိုင်ငံတော်ရဲ့စီးပွားရေးကဏ္ဍမှာ ပါဝင်ဆောင်ရွက်နေကြပါတယ်။

သားကြီးရေ-

အခုလို သီတင်းဝါလကျွတ်တဲ့ အခါသမယမှာ ဘိုးဘွား မိဘဆရာသမားတွေကို အထွတ်အမြတ်ထားပြီး ပူဇော် ကန်တော့ကြတာဆိုတော့ သက်ကြီးရွယ်အိုအကြောင်း သိကောင်းစရာလေးတွေ နည်းနည်းပြောပြမယ်နော်. . .။ သက်ကြီးရွယ်အိုတွေအပေါ် စာနာဆပ္ပွားအလေးထားပြုစု စောင့်ရှောက်ကြတဲ့ ဓလေ့အစဉ်အလာဟာ ရှေးမြန်မာ မင်းတွေ လက်ထက်ကစပြီး အခုခေတ်အထိ အဖေကြီးတို့ နိုင်ငံမှာ ရှင်သန်ထွန်းကားနေတာဟာ အင်မတန်ဂုဏ်ယူဖို့ ကောင်းပါတယ်။ အရွယ်ညောင်းလို့ ဇရာထောင်းသူတွေကို ရှေးတုန်းက "သက်ကျားအို"တွေ "လူအိုလူမင်း" တွေလို့ ခေါ်ကြ တယ်။ အဖေကြီးတို့ခပ်ငယ်ငယ် လွတ်လပ်ရေးရပြီးခေတ်မှာ တော့ အိုမင်းမစွမ်းသူတွေ၊ "သက်ကြီးရွယ်ရင့်" တွေလို့ သုံးနှုန်း ကြတယ်။ နောက်ပိုင်းခေတ်ကျတော့ "သက်ကြီးရွယ်လွန်"တွေ တဲ့။ အခုခေတ်မှာတော့ "သက်ကြီးရွယ်အို" ဆိုတဲ့ အသုံးအနှုန်း ဟာ အားလုံးနဲ့ ယဉ်ပါးနေကြပြီလေ။

သက်ကြီးရွယ်အိုဆိုတဲ့ စကားရပ်မှာ အသက်ကြီးခြင်းနဲ့ အရွယ်အိုခြင်းဆိုတဲ့ အဓိပ္ပာယ်နှစ်ခုစလုံး အကျုံးဝင်နေတယ်။ ဆေးသိပ္ပံအလိုအားဖြင့် သက်တမ်းအနှစ် (၆၀) အထက်ရှိသူ တွေကို အသက်ကြီးသူအဖြစ် သတ်မှတ်တယ်။ ဇရာဗေဒ ပညာရှင်တွေ အလိုအရတော့ အသက် (၆၀) နဲ့ (၆၅) နှစ်ဆိုရင် အိုမင်းခြင်း အစပြုပြီတဲ့။ ဘောဂဗေဒပညာရှင်အချို့ကတော့ ဉာဏ်အားခွန်အားပေးဖို့ အစွမ်းမရှိတဲ့ အရွယ်မျိုးမှာ မိမိဘဝကို အမှီအခိုကင်းကင်းနဲ့ မထူထောင်နိုင်တော့တဲ့ အသက်ရသူမျိုးကိုမှ သက်ကြီးရွယ်အိုလို့ သတ်မှတ်တယ်တဲ့သားရဲ့။

အလျဉ်းသင့်တုန်း "ဇရာ" ရဲ့သဘောကို သားကြီးအနေနဲ့ စောကြောဆန်းစစ်နိုင်အောင် အဖေကြီးပြောချင်သေးတယ်။ ဆရာတော်အရှင်ဩဘာသာဘိဝံသရဲ့ သုတေသန-သရုပ်ပြ အဘိဓာန်မှာ အသက် (၆၀) အတွင်းကို အားအင်ဆုတ်ယုတ်တဲ့ အရွယ်၊ အသက် (၇၀) အတွင်းကို လေးလံထိုင်းမှိုင်းတဲ့အရွယ်၊ အသက် (၈၀) အတွင်းကျတော့ ကိုယ်လက်ကိုင်းညွတ်တဲ့အရွယ်၊ အသက် (၉၀)အတွင်းကို တွေဝေမေ့မောတဲ့အရွယ်၊ အသက် (၁၀၀) အတွင်းကျတော့ မထသောအိပ်ခြင်းဖြင့် နေတတ်သော အရွယ်လို့ ဖော်ပြထားတယ်သားရဲ့။

ဒီအချက်တွေကို စုစည်းပေါင်းစပ်ဆင်ခြင်ကြည့်မယ်ဆိုရင် ဇရာဆိုတာဟာ ဆယ်စုနှစ်တစ်ခုပြီးတစ်ခု အရာရာမှာ လျော့ကျ၊ အားနည်း၊ ဆုတ်ယုတ်သွားတဲ့ သဘောဖြစ်တာ ထင်ရှားပါတယ်။ ဒါ့ကြောင့် အသက် (၆၀)အရွယ်မှာ ကာယအား၊ ဉာဏအားတွေ ယေဘုယျအားဖြင့် ဆုတ်ယုတ်သွားတတ်တဲ့အတွက် ကမ္ဘာ့နိုင်ငံ တော်တော်များများက ဒီအရွယ်မှာ အလုပ်က အနားယူခွင့်ပြုတာ ဟာ သဘာဝကျပါတယ်။

သို့ပေမယ့် လူပုဂ္ဂိုလ်အလိုက် ခြားနားမှုတွေရှိတာဖြစ်တဲ့ အတွက် အသက် (၆၀) ကျော်တာတောင် ကာယအား၊ ဉာဏ အားအထွတ်အထိပ်ကို ရောက်နေတဲ့သူတွေလည်း ရှိတယ်သား ရဲ့။ "နွားပျိုသန်လှ နွားအိုပေါင်ကျိုး" ဆိုတာကို နိုင်ငံရေး၊ စီးပွား ရေး၊ လူမှုရေး၊ အနုပညာ၊ အားကစားစတဲ့ နယ်ပယ်အသီးသီးမှာ စွမ်းစွမ်းတမံ ဆောင်ရွက်နေကြတဲ့ အဘိုးကြီး၊ အဘွားကြီးတွေ လည်း အများကြီးပဲလေ။ သားရောနောင်တစ်ချိန်အသက်ရလာ ရင် သူတို့လိုမဖြစ်ချင်ဘူးလား။

သာဓကအနေနဲ့ မြန်မာနိုင်ငံစာပေနဲ့ စာနယ်ဇင်းအဖွဲ့မှာ အသက် (၈၀)အထက် ကန်တော့ခံ သက်ကြီးစာပေပညာရှင် ၁၃၈ ဦး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)မှာ ကန်တော့ခံ သက်ကြီးဂီတပညာရှင် ၄၆ ဦး၊ သဘင်ပညာရှင်များ အစည်း အရုံးမှာ အသက် (၇၅)နှစ်အထက် ကန်တော့ခံသက်ကြီး သဘင် ပညာရှင် ၁၁၄ ဦး၊ မြန်မာနိုင်ငံအားကစားကလောင်ရှင်များ အဖွဲ့ချုပ်မှာ သက်ကြီးဝါရင့်အားကစားကလောင်ရှင် ၁၀ ဦး တောင်ရှိတယ်တဲ့လေ။ ပြီးခဲ့တဲ့နှစ်ထဲမှာ ထားဝယ်က အသက် (၈၀) အရွယ် အဘိုးဦးသီးလှိုင်ဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အနှံ့ မိုင် ၂၆၀၀ ခရီးရှည်ကြီးကို စက်ဘီးစီးပြီး ခြေဆန့်ခဲ့တာ သား သတင်းစာထဲမှာ တွေ့မှာပေ့ါ။

သားကြီးရေ-

ကမ္ဘာတစ်လွှားမှာ ပြိုင်စံရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေအကြောင်း နည်းနည်းပြောပြဦးမယ်။ ဂင်းနက်စ်မှတ်တမ်းဝင်ကမ္ဘာ့ အသက် ကြီးဆုံး အမျိုးသားကြီးကတော့ အမေရိကန်နိုင်ငံ မွန်တားနား ပြည်နယ်က အဘိုးဝမ်တာဘရူးနင်းတဲ့။ သူ့အသက် (၁၁၄) နှစ် မြောက် မွေးနေ့ပါတီကို ၂၀၁၀ ခုနှစ် စက်တင်ဘာ ၂၁ ရက်က ဂရိတ်ဖောမြို့ သက်တံရောင်စဉ် အပန်းဖြေရိပ်သာမှာ ကျင်းပခဲ့ တာပေ့ါ။

ပါလက်စတိုင်းက အသက် (၁၁၀)အရွယ် အဘိုးအို အီဘရာဟင်အစ်တီယာဟာ သူပိုင်တဲ့လယ်ယာမြေကို နံနက်တိုင်း သွားပြီး လုပ်ငန်းခွင်ဝင်နေတုန်းပဲ။ အခုထိတောင် သူ့ရဲ့စွမ်းအင် တွေဟာ ပြည့်ဖြိုးနေဆဲလို့ ယုံကြည်တာမို့ လယ်ယာလုပ်ငန်းကို ကျန်းကျန်းမာမာနဲ့ ဆက်ပြီးလုပ်သွားဦးမှာဆိုပဲ။

နယူးဇီလန်နိုင်ငံမှာ လိုင်စင်ရယာဉ်မောင်း ၃ ဒသမ ၂ သန်းရှိတဲ့အနက် ၄၀၀၀ နီးပါးဟာ အသက် (၉၀) နဲ့ (၉၀) ကျော် အဘိုးအိုတွေတဲ့။ သူတို့ထဲက ယာဉ်မောင်း ခုနစ်ဦးဟာ အသက် (၁၀၀) ကျော်တွေဖြစ်ပြီး အီလန်န်ခွိုင်းဆိုတဲ့ အဘိုးအိုက (၁၀၄) နှစ်တောင်ရှိပြီဆိုတော့ ယာဉ်မောင်းအဘိုးအိုတွေထဲမှာ အသက် အကြီးဆုံးပေ့ါ။

ဖွဲလုံ့လအပြည့်နဲ့ တိုင်းကျိုးပြည်ဆောင် ရုပ်ရှင်တွေရိုက်ကူး နေတဲ့ အကယ်ဒမီများရှင် အမေရိကန် ရုပ်ရှင်မင်းသမီးကြီးက တော့ ဘက်တီဝှိုက်တဲ့။ သူ့အသက်က (၈၈) နှစ်ရှိပြီ။ လူကြိုက် များတဲ့ စာအုပ်လေးအုပ်ကိုလည်း ရေးသားထုတ်ဝေခဲ့သလို လော့စ်အိန်ဂျလိစ်မြို့မှာ အခြေစိုက်တဲ့ အမ်မီရုပ်ရှင်ထူးချွန်ဆုကို ၁၉၈၅ ခုနှစ်ကစပြီးရခဲ့တာ။ ၂၀၁၀ ခုနှစ်အထိ ခြောက်ကြိမ် တိုင်တိုင်ရထားတဲ့ ကမ္ဘာ့အသက်အကြီးဆုံး ရုပ်ရှင်သရုပ် ဆောင် တစ်ဦးပေ့ါ။ အမေရိကန်နိုင်ငံ နမ်ပါမြို့မှာ နေထိုင်တဲ့ အသက် (၈၀) အရွယ် အမျိုးသမီးကြီးဒါလီ နီမာကက်စ်ကတော့ အီဒါဟို သတင်းစာလုပ်ငန်းမှာ နှစ်ပေါင်း (၅၁)နှစ်ကြာလုပ်ခဲ့ တာဆိုတော့ ကမ္ဘာပေါ်မှာ နှစ်အကြာဆုံး သတင်းစာလုပ်ငန်း လုပ်ခဲ့တဲ့ အမျိုးသမီးကြီးအဖြစ် မှတ်တမ်းတင်ခံရတယ်တဲ့လေ။ အာဂ အဘိုးကြီး၊ အဘွားကြီးတွေပဲနော်။ဘယ်လောက်အားကျ အတုယူဖို့ ကောင်းလိုက်သလဲကွယ်။

သားကြီးရေ-

လူဦးရေ သန်းခုနစ်ထောင်ရှိနေတဲ့ ဒီကမ္ဘာမြေပေါ်မှာ လူသားတိုင်းဟာ လူ့အခွင့်အရေး၊ ဂုဏ်သိက္ခာနဲ့ မိမိစွမ်းရည် ကို အကောင်းဆုံးအသုံးချနိုင်မယ့် အခွင့်အလမ်းကို ပိုင်ဆိုင် ခံစားနိုင်ဖို့လိုတယ်တဲ့။ ကျန်းမာပြီး အလုပ်လုပ်နိုင်တဲ့ သက်ကြီး များဟာလည်း အသုံးမပြုရသေးတဲ့ လူ့စွမ်းအား အရင်းအမြစ် တွေတဲ့။ သူတို့တစ်တွေသာ ဆက်ပြီးအလုပ်လုပ်မယ်ဆိုရင် မိသားစုနဲ့ လူမှုပတ်ဝန်းကျင်အတွက် အဓိကအထောက်အကူ ဖြစ်နိုင်တာကြောင့် အနားယူဖို့ သတ်မှတ်ချိန်ထက်ကျော်လွန်ပြီး အလုပ်လုပ်နိုင်တာနဲ့အမျှ တိုင်းပြည်ကို အကျိုးပြုမှာ သေချာ တယ်လို့ ၂၀၁၁ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အထူးထုတ် စာစောင်မှာ အဖေကြီးဖတ်လိုက်ရတယ်။ အခုသားရောက် နေတဲ့နေရာမှာလည်း အဖေကြီးတို့လို သက်ကြီးရွယ်အိုတွေ အများကြီးရှိမှာပဲ။ သားတို့က ဒေသခံသက်ကြီးရွယ်အိုတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းကို ပွင့်လန်းလာအောင်မြှင့်တင် ပေးမယ်ဆိုရင် သူတို့မိသားစုတွေအပေါ်က ဝန်ထုပ်ဝန်ပိုးကို လည်း သက်သာစေမယ်။ မိသားစုအပေါ် လုံးလုံးလျားလျား မှီခိုနေရတဲ့ သူတို့ဘဝကိုလည်း လွှမ်းမြောက်စေမှာ အမှန်ပါပဲ။ အလုပ်မလုပ်နိုင်တော့ဘဲ အထီးကျန်ဆန်တဲ့ သက်ကြီးရွယ်အို တွေ အပေါ်မှာလည်း ကိုယ့်ရဲ့အဖေကြီး၊ အမေကြီးလိုသဘော ထားပြီး အတတ်နိုင်ဆုံး ပြုစုစောင့်ရှောက်ပေးဖို့ အဖေကြီး မှာချင်တယ်။

သားကြီးရေ-

ဒီနေ့ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ဟာ "အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့" လေ။ "သက်ရွယ် စုံညီလူ့ဘောင်ဆီသို့" (Towards a society for all ages) ဆိုတဲ့ ဒီဆောင်ပုဒ်ဟာ ၁၉၉၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ်ကတည်းကစပြီး သတ်မှတ်ပေးလိုက်တဲ့ ဆောင်ပုဒ်ဖြစ်ပေမယ့် အခုထက်ထိ အနက်အဓိပ္ပာယ်ရော၊ အနှစ်သာရပါ ပြည့်ဝနေပါသေးတယ်။ အထူးသဖြင့် ဒို့နိုင်ငံမှာ ဒီမိုကရေစီနိုင်ငံသစ်ကိုထူထောင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုး ရေးတွေ၊ ဆင်းရဲမှုလျော့နည်းပပျောက်ရေးတွေ ဖောက်ချ ဆောင်ရွက်နေတဲ့ အခါသမယမှာ ကြီးငယ်မဟူ အားလုံး အင်တိုက်အားတိုက် ပါဝင်ကြရမှာမဟုတ်လား။

နှစ်ပေါင်း (၄၀) ကြာ နိုင်ငံ ၁၅ နိုင်ငံက စာရင်းဇယား တွေကို အခြေပြုပြီး ကနေဒါနိုင်ငံက ဆေးသိပ္ပံပညာရှင်တွေ ပြုစုထားတဲ့ စာတမ်းတစ်ခုရှိတယ်သားရဲ့။ ဒီစာတမ်းမှာ ပါတာ က လူတွေအားလုံးမှာ အချိန်စောပြီးသေရတဲ့ လူအားလုံးရဲ့ ၆၃ ရာခိုင်နှုန်းဟာ အလုပ်မရှိလို့တဲ့။ ကျား၊ မ ခွဲလိုက်တဲ့အခါ ကျတော့ အမျိုးသားတွေမှာ ၇၈ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးတွေ မှာတော့ ၃၇ ရာခိုင်နှုန်းပဲရှိတယ်လို့ ဆိုတားတယ်။ ယောကျ်ား တွေဟာ မိန်းမတွေထက် အလုပ်မရှိတဲ့ဒဏ်ကို ပိုပြီးခံစား ကြရတယ် ဆိုတာကိုတွေ့ရတယ်။ လူတွေမှာ အလုပ်မရှိခြင်း ဟာ လူ့အသက်ကိုတိုစေတယ်ဆိုတာ အမှန်တရားပဲလေ။

သားကြီးရေ-

စာလည်းတော်တော်ရှည်သွားပြီထင်ပါရဲ့။ ကျန်းမာရေး ကိုလည်း အမြဲတမ်းဂရုပြုပါ။ အဖေကြီးတို့ကတော့ အရွယ် ညောင်းလာပေမယ့် ဇရာမထောင်းအောင် ကြိုးစားသွားမှာပဲ။ ကြာလေတိုးတက်၊ ကြီးလေရင့်ကျက် ဆိုတာကို ကိုယ်သိခဲ့တာ၊ တတ်ခဲ့တာတွေကို အရင်းပြုပြီး အခွင့်အလမ်းရရင်ရသလို အလုပ်လုပ်သွားမယ်လို့ သန္နိဋ္ဌာန်ချထားတယ်။ ဘာပဲဖြစ်ဖြစ် အသက်ကြီးလာတော့ တစ်နည်းသာမှာ အမှန်ပဲလေ။ သားကြီး တစ်ယောက် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာ မိမိအကျိုး၊ ဝန်းကျင်အကျိုး၊ တိုင်းကျိုး၊ ပြည်ကျိုး၊ လူသားအကျိုးကို သယ်ပိုး ရွက်ဆောင်နိုင်ပါစေ၊ ပညာပြည့်ဝနှလုံးလှပြီး သုတသီလပြည့်ဝ တဲ့ သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ ဖြစ်ပါ စေလို့ အဖေကြီးဆန္ဒပြုလိုက်ပါတယ်။ ။သားချစ်တဲ့အဖေကြီး

## သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့

✳ ကလေးသူငယ်၊ လူမမယ်နှင့်
လူငယ်လူလတ်၊ လူကြီးထပ်၍
သက်လတ်သက်ကြီး၊ ဘိုးဘွားကြီးသို့
ခရီးဆက်ရ၊ လူ့ဘဝသည်
ကာလမျိုးစုံ၊ သက်ရွယ်စုံဖြင့်
လူ့ဘုံလောက၊ ဖြစ်တည်ရ၏။

✳ "သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"
ဦးတည်ရည်မှန်း၊ သည်စခန်းဝယ်
ပန်းတိုင်းလည်းပွင့်၊ ပန်းတိုင်းတင့်၍
ပွင့်သောပန်းတိုင်း၊ ရနံ့လှိုင်းဖြင့်
လူတိုင်းရင်မှာ၊ ရွှင်လန်းဖြာသို့
လူ့ရွာလူ့ဘုံ၊ သက်ရွယ်စုံသည်
ပြည့်စုံကောင်းကျိုး၊ ချမ်းသာတိုးအောင်
အဘိုးအဘွား၊ တန်ဖိုးထား၍
လေးစားကြိုးပမ်း၊ လူမှုထမ်းမည်
လန်းဆန်းစိုပြည်ကြစေသတည်း။ ။

ပန်းတောင်းသန်းကြွယ်

## အထက(စဉ့်ကိုင်) အာစရိယပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အရဂုဏ်တော်ဆွမ်းလောင်းအသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစား အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများနှင့် တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဦးညီညီ ဖုန်း-၀၉-၉၁၀၂၈၅၂၁၊ ဦးကံမြင့် ဖုန်း-၀၆၆-၄၀၁၁၉၊ ဦးကျော်ညွှန့် ဖုန်း-၀၉-၂၀၁၉၄၁၈၊ ဦးထွန်းညွှန့်အောင် ဖုန်း-၀၉-၂၀၀၃၆၂၀၊ ဒေါ်သဲစုစန္ဒီ ဖုန်း-၀၉-၄၉၂၃၀၄၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

## ပဲခူးအထက(၂)မြှတ်ဆရာပူဇော်မည်

**ပဲခူး အောက်တိုဘာ ၁**

ပဲခူးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ (၂၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ပညာရေးမြှင့်တင်မှု လုပ်ငန်း ငွေပဒေသာပင် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အထက(၂) ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူ ဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ ကြွရောက်ချီးမြှင့်ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာမကြီးဒေါ်မြမြ (အထက-၂၊ ပဲခူး) ဖုန်း-၀၅၂-၂၁၂၀၉၊ ဆရာမဒေါ်စန်းတင် ဖုန်း-၀၅၂-၂၂၀၅၅၊ ဦးကြင်လှိုင် ဖုန်း-၀၉-၅၃၀၀၃၃၀၊ ဦးမျိုးမြင့် ဖုန်း-၀၉-၅၈၀၁၉၁၇၊ ဦးထွန်းမင်း ဖုန်း-၀၅၂-၂၂၈၃၄၁၊ ၀၉-၄၃၀၀၇၅၃၄၊ ဒေါ်တင်ဝင်း ဖုန်း-၀၅၂-၂၃၆၇၂၊ ၀၉-၅၁၇၄၄၅၈၊ ဆရာဦးမြင့်သန်း ဖုန်း-၀၁-၅၀၃၀၆၉၊ ဦးမြိုင် (ရန်ကုန်) ဖုန်း-၀၉-၅၁၈၄၉၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၁၃၂)



စက်တင်ဘာ ၁၂ ရက်က ပျော်ဘွယ်မြို့နယ် ကျွန်းတုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ လိုအပ်လျက်ရှိသော သန့်စင်ခန်းအတွက် ပျော်ဘွယ်မြို့ မြင်းဘက်ရပ်နေ ဦးသန်းလွင်-ဒေါ်မြမြအေး၊ သား မောင်ဟိန်းထက်စိုး (ညီညီ အဆင့်မြင့် မွေးမြူရေးအစာထုတ်လုပ်ဖြန့်ချိရေး) မိသားစုက အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးတင်လွင် လက်ခံယူစဉ်။

(ကြေးမုံ)



## မြေစိုက်ပိုစတာ စိုက်ထူ

စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ဗိုလ်တထောင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာ စိုက်ထူကြစဉ်။

(ကြေးမုံ)

# အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစီမံကိန်းတွင် အင်တိုက်အားတိုက်ပါဝင် သက်ကြီးရွယ်အိုချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များ နိုင်ငံတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်း

နေပြည်တော်  အောက်တိုဘာ  ၁

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

အဆိုပါအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ နမ့်စန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသမီးနှင့် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပျဉ်းမနား ဘိုးဘွားရိပ်သာနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အဘိုးအဘွားများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့နှင့် စပ်လျဉ်း၍ ပြောကြားရာတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံဖြစ်သော အဘိုးအဘွားနှင့် သားသမီးမြေးမြစ်များ လက်ရည်တစ်ပြင်တည်း နေထိုင်ကြသည့် မိသားစုပုံသဏ္ဌာန် ပျက်ယွင်းမသွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ တည်ထောင်ထားပြီးဖြစ်သော ဘိုးဘွားရိပ်သာများ ရေရှည်တည်တံ့ ခိုင်မြဲအောင် ဆောင်ရွက်ကြရမည် ဖြစ်သကဲ့သို့ တည်ဆောက်ဆဲ ဘိုးဘွားရိပ်သာအသစ်များ ထပ်မံပေါ်ထွန်းလာရေးကိုလည်း ဝိုင်းဝန်းပံ့ပိုးကူညီကြရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရင်ပေါင်တန်းပြီး ဆောင်ရွက်နေသည့် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးစီမံကိန်းကြီးတွင် အားလုံး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန်၊ သက်ကြီးရွယ်အိုချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းနိုင်အောင် ပံ့ပိုးကူညီကြရန်၊ အသိပညာရှင်၊ အတတ်ပညာရှင်များကလည်း ဇရာဗေဒနှင့် သက်ကြီးရွယ်အို ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ တိုးတက်ပြောင်းလဲမှုများကို မျက်ခြည်မပြတ် လေ့လာဖော်ထုတ်ကြရန်၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် အင်မတန်အရေးပါသည့် သက်ကြီးရွယ်အိုများ၏ စွမ်းပကားကို မြင့်သည်ထက် မြင့်အောင် ဝိုင်းဝန်းမြှင့်တင်ကြရန်နှင့် "သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ သက်ကြီးရွယ်အိုများနှင့် မျိုးဆက်သစ် လူငယ်များအားလုံး အတူလက်တွဲပြီး ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းအစီအစဉ်များတွင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။



**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် အဘိုးအဘွားများအား ဆေးဝါးပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ထို့နောက် UNFPA မှ ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel-Ahad က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမှ အသက်ကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးအတွက် ဂုဏ်ပြုငွေနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အသိအမှတ်ပြု ဘိုးဘွားရိပ်သာများအတွက် ဂုဏ်ပြုငွေများကို ပေးအပ်ရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လက်ခံသည်။

ယင်းနောက် အလှူရှင်များက တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အသိအမှတ်ပြု ဘိုးဘွားရိပ်သာများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသမီးများနှင့်ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး ကော်မတီ ဥက္ကဋ္ဌတို့က အခမ်းအနားသို့ တက်ရောက်လာကြသည့် ပျဉ်းမနားဘိုးဘွားရိပ်သာနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အဘိုးအဘွားများအား ဆေးဝါးပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အဘိုးအဘွားများ ကိုယ်စား အဘိုး ဦးမောင်မောင်ခင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စုဝေးခန်းမ၌ ပြသထားသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် သက်ကြီးသူ အချင်းချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့တို့၏ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့အခမ်းအနားတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဘိုးဘွားရိပ်သာများအတွက် စုစုပေါင်း ငွေကျပ် ၁၁၄၄၈၉၅၀ လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ VMS တပ်ဆင်ရေး ရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန်  အောက်တိုဘာ  ၁**

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲမှု ပြုလုပ်ရာတွင် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသော ပြည်တွင်း၊ ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များ Illegal Unreported and Unregulated (IUU) တရားမဝင် သတင်းမပို့ စည်းမျဉ်းနှင့်မညီသော ငါးဖမ်းဆီးမှုမဖြစ်စေရေးအတွက် စောင့်ကြည့်ထိန်းချုပ်သည့်စနစ် (Monitoring Control and Surveillance) ဆောင်ရွက်ရာတွင် ထိရောက်မှုရှိသည့် Vessel Monitoring System (VMS) ကို ငါးဖမ်းရေယာဉ်များပေါ်၌ တပ်ဆင်အသုံးပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ VMS တပ်ဆင်စေခြင်းဖြင့် မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းရေယာဉ်များ၏ တည်နေရာ၊ လှုပ်ရှားမှု၊ သွားလာမှုနှင့် ဦးတည်ရာအရပ်တို့ကို သိရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

VMS တပ်ဆင်ရန် ဆောင်ရွက်ပေးမည့် ကုမ္ပဏီများက ရေလုပ်ငန်းရှင်များအား တွေ့ဆုံရှင်းလင်းပွဲကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

**ဆွေးနွေးမေးမြန်း**

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသီဟကVMS ကို ရှင်းလင်းပြောကြားပြီး ကုမ္ပဏီငါးခုမှ တာဝန်ရှိသူများက Vessel VMS ထုတ်လုပ်သည့်နိုင်ငံ၊ အသုံးပြုနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း အသင်းဝင်များ၊ ငါးဖမ်းရေယာဉ်ပိုင်ရှင်နှင့်ကုမ္ပဏီများက အပြန်အလှန် ဆွေးနွေးမေးမြန်းကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက VMS စနစ်ဖြင့် စပ်လျဉ်း၍ ကုမ္ပဏီများမှ ခင်းကျင်းပြသထားမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)



**အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်း (ဗဟန်း)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၀ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်ကြည် သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရသူ မရွှန်းလဲ့ဝေအား ချီးမြှင့်စဉ်။** (ပညာရေး)

**ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(သော်ကကျောင်း) ၏ ဒုတိယအကြိမ် သော်ကရတနာ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက်က ကျင်းပရာ ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ထက်မြက်ဦးအား မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း(မှော်ဝန်းဝင်းမြတ်) ဂုဏ်ပြုဆု ချီးမြှင့်စဉ်။** (၇၄)



**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## အောက်တိုဘာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော်  အောက်တိုဘာ  ၁**

အောက်တိုဘာလအတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်အနေဖြင့် အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်အတွင်း ဆုတ်ခွာနိုင်သည်။ အောက်တိုဘာလအတွင်း ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့၌ မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေ ခန့်မှန်းချက်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ရွာသွန်းမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရွာသွန်းမြဲခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ၁၃ ရက်မှ ၁၅ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၁၀ ရက်မှ ၁၂ ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေခန့်မှန်းချက်အနေဖြင့် ဒု႒ဝတီမြစ်ရေသည် မြစ်ငယ်မြို့၌ တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့၌ တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ကြိမ်ခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ တစ်ကြိမ်ခန့် အဆိုပါမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးကို ရောက်ရှိနိုင်သည်။

အောက်တိုဘာလဆန်းအတွင်း အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လုံးဝဆုတ်ခွာသွားမည်ဖြစ်၍ ၂၀၁၁ ခုနှစ် မိုးရာသီကာလသည် ကုန်ဆုံးတော့မည်ဖြစ်သည်။ မုတ်သုံလေ ဆုတ်သွားပြီးနောက်ပိုင်း မိုးလွန်ကာလအတွင်း ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်တတ်သည့် မုန်တိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာတတ်သော အရှေ့လေပွေလှိုင်းများ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်လာလျှင်လည်းကောင်း၊ အနောက်ဘက်မှလာသည့် အနောက်လေပွေလှိုင်းများ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသို့ ဝင်ရောက်လာလျှင်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်ဘက်မှ ရွေ့လျား လာတတ်သော တိုင်ဖွန်းမုန်တိုင်း အကြွင်းအကျန်များကြောင့် လည်းကောင်း မြန်မာနိုင်ငံအရပ်ရပ်တွင် အချိန်အခါမဟုတ် မိုးလွန်မိုးများ၊ မုန်တိုင်းမိုးများ ထစ်ချုန်းရွာနိုင်သေးသည်။ (သတင်းစဉ်)

## ထူးခြားမိုးလေဝသအခြေအနေ

**နေပြည်တော်  အောက်တိုဘာ  ၁**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင် (တုံကင်ပင်လယ်ကွေ့) တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်း မုန်တိုင်း 'နီဆက်' သည် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားပျော့သွားပြီဖြစ်သည်။ ယင်း မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်များကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

အဆိုပါ 'နီဆက်' မုန်တိုင်းအကြွင်းအကျန်တိမ်တိုက်များကြောင့် မိုးရွာသွန်းမှုဖြစ်ပေါ်နိုင်သော်လည်း မိုးနှင့်အတူ လေတိုက်ခတ်နိုင်မှုမှာ တစ်နာရီလျှင် ၁၅ မိုင်မှ မိုင် ၂၀ ခန့်အထိသာ တိုက်ခတ်နိုင်သည်။

(မိုး/ဇလ)

## အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**ရန်ကုန်  အောက်တိုဘာ  ၁**

ယနေ့နံနက် ၁၀ နာရီ ၅၄ မိနစ် ၁၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် ၂၆၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်း) ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ပြဟ္မစိုရ်ယဉ္စ တော်မင်္ဂလမုတ္တမံ = မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၁

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် ဆုချီးမြှင့်ပွဲကျင်းပရေးဆပ်ကော်မတီသို့ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးချီးမြှင့်သည်။



**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် ဆုချီးမြှင့်ပွဲကျင်းပရေး ဆပ်ကော်မတီသို့ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်ချီးမြှင့်စဉ်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဂုဏ်ပြုကျေးဇူးတင်စကား ပြောကြားစဉ်။** (သတင်းစဉ်)

အခမ်းအနားသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဦးစီးကော်မတီဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်များဖြစ်ကြသည့် Kanbawza Group Co., Ltd. က ငွေကျပ်သိန်း ၁၅၀၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများက ငွေကျပ် ၁၃၅ သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က ငွေကျပ်သိန်း ၁၀၀ နှင့် Myanmar Winery & Distilery Co., Ltd. က ငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် Super Coffee Mix Co., Ltd. နှင့် Myanmar CP Livestock Co., Ltd. တို့က ငွေကျပ်သိန်း ၅၀ စီ၊ Myanmar Lion Co., Ltd. က ငွေကျပ်သိန်း ၃၀၊ မြဝတီဘဏ်က ငွေကျပ် ၂၅ သိန်း၊ Triple A Cement က ငွေကျပ်သိန်း ၂၀၊ ဂမုန်းပွင့် ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၅ သိန်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည့်စုံဝင်းနိုင်ကုမ္ပဏီလီမိတက်၊ ပြည်တော်မိုးကုမ္ပဏီလီမိတက်၊ Songda Co., Ltd.၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်၊ Jewellery Luck Co., Ltd.၊ Chan Long Trading Co., Ltd.၊ Asia World Co., Ltd.၊ စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက်၊ Good Brothers Co., Ltd.၊ ဥရောပ အာရှ ကုမ္ပဏီလီမိတက်၊ New Star Construction၊ Min Construction နှင့် သိမ်းဆောက်လုပ်ရေးကုမ္ပဏီတို့က ငွေကျပ် ၁၀ သိန်းစီ အပါအဝင် အလှူရှင်များက စုစုပေါင်း ငွေကျပ် ၈၅၇ သိန်းကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဝင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

## ယ နေ့ သ တ င် း အ ညွှ န် း

**အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစီမံကိန်းတွင် အင်တိုက်အားတိုက်ပါဝင်သက်ကြီးရွယ်အိုချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များ နိုင်ငံတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်း**

"မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံဖြစ်သော အဘိုးအဘွားနှင့် သားသမီးမြေးမြစ်များ လက်ရည်တစ်ပြင်တည်း နေထိုင်ကြသည့် မိသားစုပုံသဏ္ဌာန် ပျက်ယွင်းမသွားအောင် ထိန်းသိမ်းစောင့်ရှောက်"

ပြည်တွင်းသတင်း စာမျက်နှာ - ၇

**ကွမ်းခြံကုန်းဒေသတောင်ပိုင်း၌ မုန်တိုင်းကြောင့် ပြည်သူတစ်သန်းကျော် ဘေးဥပဒ်ရောက်**



"တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်စဉ် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး နေအိမ် ၃၈၇ လုံး လုံးဝပျက်စီးခဲ့ရကာ နေအိမ် ၂၇၂၁ လုံးမှာ တစ်စိတ်တစ်ဒေသ ပျက်စီးခဲ့၊ စိုက်ခင်းဟက်တာ ၁၂၀၀၀ ခန့် ပျက်စီးခဲ့"

ပြည်တွင်းသတင်း စာမျက်နှာ - ၅

**ကမ္ဘာ့ဖလား ဘောလုံးအတော့ စွမ်းရည်ပြိုင်ပွဲ အင်ဒရူးဟန်ဒါဆန် ဗိုလ်စွဲ**



"အသက် (၁၅)နှစ်အရွယ်ကပင် တစိုက်မတ်မတ် လေ့ကျင့်ခဲ့၊ ၎င်းသည် ယခုပြိုင်ပွဲတွင် ဘောလုံးကို ဂီတသံစဉ် စည်းချက်အလိုက် နှာခေါင်း၊ ပခုံး၊ လည်ပင်းနှင့် နေရာစုံ ထိန်း၍ ကစားပြခဲ့"

ပြည်တွင်းသတင်း စာမျက်နှာ - ၁၀

အားကစား

## Pan Pacific တင်းနစ်ပြိုင်ပွဲ ပိုလန်သူ ရက်ဒ်ဝမ်စကာ ဗိုလ်စွဲ

**တိုကျို အောက်တိုဘာ ၁**

စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့သည့် WTA Tour Pan Pacific Open တင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို စနေနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ရက်ဒ်ဝမ်စကာက ဇွော့ဗ်နာရီဗာကို အနိုင်ရ ဗိုလ်စွဲသွားသည်။ ကမ္ဘာ့အဆင့်(၉) ပိုလန်နိုင်ငံသူ ရက်ဒ်ဝမ်စကာသည် ကမ္ဘာ့အဆင့်(၄) ရုရှားတင်းနစ်မယ် ဇွော့ဗ်နာရီဗာကို ၆-၃၊ ၆-၂ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုဗိုလ်လုပွဲတွင် အနိုင်ရခဲ့သည့် ရက်ဒ်ဝမ်စကာသည် ကွာတားဖိုင်နယ်တွင် ကာနီပီကို ၆-၂၊ ၇-၆ ဖြင့် လည်းကောင်း၊ ဆီမီးဖိုင်နယ်တွင် ကမ္ဘာ့အဆင့်(၃) အဇာရန်ကာကို ၆-၃၊ ၄-၆၊ ၆-၂ ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လာခဲ့ခြင်းဖြစ်သည်။



အသက် (၂၂) နှစ်သာရှိသေးသည့် ရက်ဒ်ဝမ်စကာ၏ ကစားဟန်မှာ ညာသန်ဖြစ်ပြီး ပရိုကစားသမားဘဝကို ၂၀၀၅ ခုနှစ် ဧပြီ ၂၃ ရက်တွင် စတင်ခဲ့သည်။ ၂၀၁၀ ခုနှစ်က သူမ၏ ကမ္ဘာ့အဆင့်ရပ်တည်မှုမှာ (၁၄) သာရှိခဲ့ပြီး ယခု ၂၀၁၁ ခုနှစ်တွင် အဆင့် (၉) အထိ တက်လာခဲ့သည်။ **အင်တာနက်။**

**ပိုလန်နိုင်ငံသူ ရက်ဒ်ဝမ်စကာအား ချန်ပီယံဆုနှင့်အတူ တွေ့ရစဉ်။**